

mgyoe.com

ပိုင်စိုးဝေ

# လင်းနို့၏ မှတ်စု

ဝတ္ထုတိုပေါင်းချုပ် – ၂





mgyoe.com SAMPLE BOOK

9248480503807

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာပိုင်စိုးဝေရဲ့ 'လင်းနို့၏မှတ်စု' ဝတ္ထုတိုစာအုပ်ကို နောက်ထပ် ရှာဖွေရသမျှ ၁၅ ပုဒ်ခန့် ထပ်မံဖြည့်စွက်ပြီး 'ဝတ္ထုတိုပေါင်းချုပ် – ၂' အဖြစ် ထုတ်ဝေလိုက်ပါတယ်။ ဒီစာအုပ် စာမူစုဆောင်းမှုမှာ ထုတ်ဝေခွင့်ပြုတဲ့ ဆရာ့ မိသားစု၊ ဝတ္ထုတိုတွေကို ကူညီရှာဖွေပေးကြတဲ့ မိတ်ဆွေ သူငယ်ချင်းများကို ကျေးဇူးတင်ပါတယ်။

**နှစ်ကာလများ**

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အမှတ်စဉ် ၅၄၂

# လင်းနို့၏ မှတ်စု

## ဝတ္ထုတိုပေါင်းချုပ် ၂

(ဖြည့်စွက် ဝတ္ထုတိုများနှင့် ....)

## ပိုင်စိုးဝေ

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁၈၂၅၅၉၄၈၊ ၀၉၇၄၀၉၇၉၃၉၃
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
လင်းနို့၏မှတ်စု
ဝတ္ထုတိုပေါင်းချုပ် ၂
ပိုင်စိုးဝေ
ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၂၃။
တန်ဖိုး – ၈၀၀၀ ကျပ်
အုပ်ရေ – ၁၀၀၀

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – ဝေချစ်ကို၊ **ကွန်ပျူတာစာစီ** – သရဖီ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ တောက်တဲ့ရဲ့ အင်ထရို ၇
၂။ အလှ္သာ ကိုးရဲ့ ခေါင်မိုးပေါ်မှာ ၂၀
၃။ လင်းနို့၏မှတ်စု ၃၀
၄။ ဘင်ဂျမင်ဖရင်ကလင်၏ ရယ်သံများ ၄၂
၅။ မခင်မိနှင့် အရှူးထွန်းသိန်း ၅၁
၆။ ဘဲသုံးကောင် ၆၆
၇။ လူတိုင်းအတွက်ထိုးတဲ့ ခေါင်းလောင်း ၈၀
၈။ မနောမြေ ကချင်လွယ်အိတ်နှင့်
နစ်ရှေး၏ အံ့သွားတစ်ချောင်း ၈၅
၉။ ကျွန်တော် ငိုချင်း မကျက်ရသေးပါ ၉၉
၁၀။ သွေးသည် အနိစ္စာ ငါ့ခန္ဓာတည်း ၁၁၅
၁၁။ တစ်နေ့သ၌ မန္တလေးမြို့၌ မောင်မိုးပွင့်နှင့် ကျွန်ုပ်နှင့် ၁၂၁
၁၂။ တစ်နေ့သ၌ လက်ပံလှ၌ ပညာရေးနှင့် လျှပ်စစ်နှင့် ၁၃၀
၁၃။ တစ်နေ့သ၌ တံတားဦးမြို့၌
ဆရာလေး ကိုမြတ်မင်းနှင့် ကျွန်ုပ်နှင့် ၁၃၅
၁၄။ တောအရိပ် တောင်အရိပ် ကိုယ့်အရိပ် ၁၄၃


mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ၁၅။ လေ့အဆင်း မြင်းအတက် အရက်ဆိုင်အထွက် | ၁၅၅ |
| ၁၆။ အော်ပီကျယ်တစ္ဆေ | ၁၆၆ |
| ၁၇။ ဒီမိုကရေစီညနေခင်း အလွမ်းသီချင်းတစ်ပုဒ် တောကျီးကန်းတစ်အုပ် | ၁၇၃ |
| ၁၈။ မိမိကဗျာထဲသို့ ပြန်လည် လမ်းလျှောက်ခြင်း | ၁၈၀ |
| ၁၉။ ရှောင်တခင် လွမ်းချင်း | ၁၈၆ |
| ၂၀။ အကောင်းဆုံးလက်ရာ | ၁၉၂ |
| ၂၁။ ရွှေဖြစ်သွားတဲ့ ကိုကို့မျက်ရည် | ၂၀၃ |
| ၂၂။ မြစ်ကမ်းနံဘေး၌ ထိုင်မိခြင်း | ၂၂၁ |
| ၂၃။ ရေနဲ့ နာမည်ရေးသူရဲ့ လဲလျောင်းရာ | ၂၃၅ |
| ၂၄။ သောကြာနေ့ ည မီးရထားဥသြသံ | ၂၄၇ |
| ၂၅။ ဥပေက္ခာ မိုးကောင်းကင် | ၂၅၆ |
| ၂၆။ သရုပ်မှန် ပန်းချီကားတစ်ချပ် | ၂၆၉ |
| ၂၇။ တစ်ဖန် ပြန်၍ နိုးလာသော ဝေဒနာ | ၂၇၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# တောက်တဲ့ရဲ့အင်ထရို

*တိရစ္ဆာန်များသည် ငြိမ်ငြိမ်သက်သက် သာသာယာယာ ရှိလှသည်။ သိပ်သိပ်သည်းသည်းလည်း နေထိုင်ကြသည်။ ပင်ပင်ပန်းပန်းလည်း မလုပ်ရ၊ မကိုင်ရ။ ကိုယ့်အခြေအနေကို ညည်းညူခြင်းလည်း မပြု။ တိရစ္ဆာန်တို့သည် ညအမှောင်ကြီးတွင် ရတက်ပွေ၍ အိပ်မပျော်ဘဲ မနေ။ ကိုယ် ကျူးလွန်ခဲ့သော အပြစ်များအတွက် ငိုကြွေးခြင်းလည်း မပြု။ ဘုရားသခင်အပေါ် မည်သို့အလုပ်အကျွေးပြုရမည် စသည့် တာဝန်များကို ဆွေးနွေး ဟောပြောပြီး ကျွန်တော့်ကို ငြီးငွေ့အောင် မလုပ်ကြ။ မကျေမနပ်ဖြစ်နေသူများ မရှိ။ လောဘရမ္မက်ဖြင့် ရူးသွပ်နေသူများလည်း မရှိ။*

**ဝေါ့လ်တ်ဝှစ်တမင်း**

လွန်ခဲ့သည့် နှစ်များဆီက သူသည် တောက်တဲ့ အော်သံများကို စိတ်ဝင်တစား ရှိနေခဲ့ဖူးသည်။ လူတစ်ယောက်သည် တောက်တဲ့ တစ်

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်ကို စိတ်ဝင်စားသင့်သည်။ သင်၏ ကြီးပွားတိုးတက်မှုကို ရှေးရှုပြီး တောက်တဲ့များ၏ အော်သံကို စိတ်ဝင်စားသင့်သည်။ လူအများအားသူက ထိုသို့ပင် လိုက်လံ ဟောပြောနေတတ်သည်။

လမ်းသွားရင်း၌ဖြစ်စေ၊ အိမ်မှာ စာထိုင်ဖတ်နေစဉ်ဖြစ်စေ အလုပ်တစ်ခုခု လုပ်နေဆဲ ကာလမှာပင်ဖြစ်စေ တောက်တဲ့တစ်ကောင်၏ အော်မြည်သံကို သူ ကြားလိုက်ပြီဆိုလျှင် သူ့စိတ်အာရုံတစ်ခုလုံး ထိုတောက်တဲ့ အော်သံဆီသို့ ရောက်သွားတော့သည်။ အထူးသဖြင့်တော့ ညအိပ်ရာဝင် ခြင်ထောင်ထဲ ရောက်နေသည့် အချိန်မျိုးမှာပေါ့။

မိုးဦးကျကာလရောက်ပြီ ဆိုပါစို့။ တောက်တဲ့များက ဟိုအပင်၊ သည်အပင်တို့၏ ထိပ်ဖျားမှ အော်သံပေးလေပြီ။ အိမ်ခေါင်မိုး တစ်နေရာဆီမှလည်း အော်မြည်တတ်ကြသည်။ ထိုတောက်တဲ့များ အော်တော့မည်ဆိုလျှင် ပထမဦးဆုံး အသံစမ်းသည့်အနေဖြင့် တောက် ... တောက် ... တောက် ... တောက်၊ တောက် ... တောက် ... တောက် ... တောက် ... ဟု အသံနိမ့်မြင့် နှစ်ကြိမ်လောက် မြည်ပါသည်။ ထိုတောက်တဲ့ အသံစမ်းနေချိန်တွင် ပထမဦးဆုံး သူ လုပ်ရမည့် အလုပ်မှာ လက်ဖဝါးထဲဆုပ်ကိုင်၍ ရနိုင်လောက်မည့် ပစ္စည်းတစ်ခုခုကို အမြန်ရှာဖွေပြီး ဆုပ်ကိုင်ထားဖို့ပင် ဖြစ်ပါသည်။ သူ ရှာဖွေရမည့် ပစ္စည်းများ အလွယ်တကူရှာဖွေ တွေ့ရှိနိုင်မည့် ဂက်စ်မီးခြစ်၊ ဘောလ်ပင်၊ သော့တံ စသည့် ကိုင်တွယ် ဆုပ်ကိုင်၍ ကောင်းမည့် ပစ္စည်းတစ်ခုခု ဖြစ်ပါသည်။ ထိုပစ္စည်းသည် လောလောဆယ် သူ့လက်ထဲတွင် ဆုပ်ကိုင်၍ ကောင်းရုံမျှသာမဟုတ်ဘဲ တစ်သက်လုံး သိမ်းဆည်း ကိုင်ဆောင်ရန် ကောင်းမည့် အရွယ်အစားနှင့် မာကျောခိုင်ခံ့သည့်ပစ္စည်း ဖြစ်ဖို့လည်း လိုပါသည်။ ရှည်ရှည်မျောမျော အရာဝတ္ထုများထက် လုံးလုံးဝိုင်းဝိုင်း ပစ္စည်းဖြစ်လျှင် ပို၍ကောင်းမွန်ပါသည်။

သူ လိုအပ်သည့် ပစ္စည်းတစ်ခုခု အမြန်ရှာဖွေတွေ့ရှိပြီ ဆိုပါစို့။

ညာလက်ဖဝါးဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မည်။ တောက်တဲ့၏ ပထမဆုံး အော်မြည်သံမှ စပြီး တစ်၊ နှစ်၊ သုံး၊ လေး စသည်ဖြင့်အစဉ်အတိုင်း သူ့ပါးစပ်က အသံထွက်၍ ရေတွက်မည်။ သို့မဟုတ် စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြင့် လိုက်၍ ရေတွက်မည်။

ထိုသို့ အော်မြည်ရာတွင် အချို့အကောင်များက အပျင်းထူသည်။ လေးငါးခြောက်ကြိမ်မျှသာ အော်ပြီး ရပ်သွားတော့သည်။ အချို့အကောင်များကတော့ ဝီရိယ လွန်ကဲသည်။ ဆယ်ကြိမ်၊ ဆယ့်တစ်ကြိမ်ထိ ရောက်သွားကြသည်။ ကိုးကြိမ်တိတိ အော်သည့် တောက်တဲ့နှင့် ကြုံပြီဆိုလျှင် အိုကေပြီ။ သူ့လက်ထဲ ဆုပ်ကိုင်ထားသည့် ပစ္စည်းကို အဆောင်ပစ္စည်းအဖြစ် တစ်သက်လုံး ဆောင်ထားရမည်။ ထိုပစ္စည်းကို ဆောင်ထားခဲ့လျှင် လာဘ်လာဘ ကောင်းမည်။ ဝင်ငွေ ဖြောင့်မည်။ အလိုရှိတိုင်း ပြည့်စုံတော့မည်။

တောက်တဲ့အော်သံနှင့် ပတ်သက်၍ သူ့မိတ်ဆွေများအား သူက ရှင်းပြနေတတ်သည်။ သူနှင့် သူ့မိတ်ဆွေများ၏ လက်ဖက်ရည်ဆိုင် စကားဝိုင်း၌ အကြောင်းအရာတစ်ခု တိုးခဲ့လေပြီ။ ရှေးယခင်က သူတို့၏ စကားဝိုင်းတွင် ပုဂ္ဂလညာဏ်အကြောင်း၊ နဝင်းနှင့် ဓာတ် ဆက်စပ်ပုံအကြောင်း၊ ဓာတ်ဆောင် ဓာတ်ပြေး ရှစ်ဆယ့်လေးနှင့် ပတ်သက်၍ သရုပ်ခွဲ ကောက်ယူရမည့် အရေအတွက်အကြောင်း၊ အာဒိကပ္ပ ဒွာဒရာသီကျမ်းမှ (ဆောင်၊ ပျက်၊ ခိုက်၊ ငုတ်၊ လွန်၊ ချုပ်) လက်ာ၏ အနက်အဓိပ္ပာယ် ကျယ်ဝန်းပုံအကြောင်း စသည်တို့လောက်သာ ဖြစ်သော်လည်း ယခုအချိန်တွင်ကား တောက်တဲ့ အော်သံက သူတို့စကားဝိုင်းကို လွှမ်းမိုးလေပြီ။

လူအများသည် ရွှေတောရှိရာအရပ်သို့ အစုလိုက်၊ အပြုံလိုက် တိုးဝှေ့ သွားရောက်နေကြချိန်တွင် သူက သူ့မိတ်ဆွေများအား စည်းရုံးကာ တောက်တဲ့ အော်သံကသာ သူ့အား အခွင့်အရေး တစ်စုံတစ်ရာ ပေးလာခဲ့လျှင် ထိုလူများ သယ်ဆောင်လာမည့် ရွှေတုံးရွှေခဲများ သူ့လက်ထဲ ရောက်လာစေရမည်ဟု ယုံကြည်လျက် ရှိသည်။

သို့ရာတွင် သူ့အဖို့ ကိုးကြိမ်တိတိ အော်သည့် တောက်တဲ့ တစ်ကောင် တလေမျှနှင့် ယခုအချိန်အထိ မကြုံကြိုက်ခဲ့။ ထိုတောက်တဲ့ အော်သံနှင့် ပတ်သက်သည့် နည်းလမ်းကို မိတ္ထီလာမြို့သို့ ကိစ္စတစ်ခုဖြင့် ရောက်စဉ် သူ တည်းခိုသည့်အိမ်မှ မြန်မာသမားတော်ကြီးက ပေးလိုက်ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'မယုံမရှိနဲ့ ဆရာလေးရဲ့။ ကျွန်တော်ကိုယ်တိုင် ရဖူးတယ်။ ဟာ...အဲဒီတုန်းကများဘာပြောကောင်းမလဲ။ကောင်းလိုက်တဲ့ဝင်ငွေ။ တစ်နေ့တစ်နေ့ ရာနဲ့ ထောင်နဲ့ ချီပြီး ဝင်တာ။ လုပ်ငန်းကလည်း ကောင်းသကိုးဗျ'

ဆရာကြီး၏ ယုံကြည်သက်ဝင်မှုမှာ သူ့အပေါ်သို့ ကူးစက်ခဲ့လေပြီ။ ဆရာကြီး ပြောသမျှကို တအင်းအင်း လိုက်၊ ခေါင်းတညိတ်ညိတ် ထောက်ခံနှင့် ဖြစ်နေလေပြီ။

'အခုကော ရှိသေးသလားခင်ဗျာ။ ဆရာကြီးရဲ့ အဆောင်ပစ္စည်းလေး ကြည့်ပါရစေ'

သူက စိတ်အားတက်ကြွစွာ တောင်းဆိုလိုက်မိသည်။ ဆရာကြီး၏ မျက်နှာပေါ်တွင် ဝမ်းနည်းရိပ် သမ်းခဲ့လေပြီ။ သို့ရာတွင် ကံမပေးတော့သည့် ပစ္စည်းဥစ္စာကို တက်မက်မှု ရှိမနေတော့သည့် လေးနက်တည်ကြည်မှုဖြင့် ...

'အင်း ... စစ်အတွင်း ကာလကြီးကိုးဗျ။ ဂျပန်အပြေးမှာ ပြောင်းရင်း ရွှေ့ရင်းနဲ့ ကျုပ်လည်း ဘယ်ချောင်ဘယ်ကြား ထိုးမိတယ် မသိပါဘူး။ လမ်းမှာ ကျနေသလားလည်း မသိပါဘူးဗျာ။ အင်း ... သင်္ခါရပေါ့လေ'

မည်သို့ပင်ဖြစ်စေ၊ ဆရာကြီး၏ စကားကို သူ အပြည့်အဝ ယုံကြည်သည်။ အချိန်နှင့်အမျှ အတိအကျ လိုက်နာသည်။ တောက်တဲ့အော်သံတွေကို စောင့်ပြီး နားထောင်သည်။ လမ်းပေါ်မှာ သွားရင်း လာရင်းနှင့် ကြုံခဲ့လျှင် အလွယ်တကူရနိုင်ရန် ပစ္စည်းတစ်ခုခု အိတ်ကပ်ထဲ ထည့်ပြီး အမြဲ ယူဆောင်သွားသည်။

နှစ်နှင့်ချီပြီး အကြိမ်ကြိမ် ကြိုးပမ်းပါလျက် တစ်ကြိမ်တစ်ခါမျှ ကိုးကြိမ်တိတိ အခွင့်မကြုံကြိုက်သောအခါ ကြာတော့လည်း ပျင်းသွားသည်။ စိတ်ဝင်စားမှု လျော့ပါးသွားသည်။ ဆက်ပြီး မလုပ်ဖြစ်တော့။

ယခုနှစ် သမီးကြီး ခုနစ်တန်းအောင်ပြီး ဒုတိယဆု ရသည်။ ထို အတန်း ဒုတိယဆုသာမက ပြီးခဲ့သည့် လေးငါးခြောက်တန်း နှစ်များက လည်း ပထမဆု၊ တတိယဆု၊ ဒုတိယဆု စသည်ဖြင့် တစ်ခုခု ရခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် ထိုနှစ်များက အကြောင်းကြောင်းများကြောင့် ဆုပေးပွဲ မကျင်းပနိုင်ခဲ့။ ယခု ခုနစ်တန်းအောင်သည့် နှစ်ကျမှ စုပေါင်း၍ ဆုပေးပွဲ ကျင်းပဖြစ်သည်။

သမီးက ပျော်နေသည်။ အမေလုပ်သူက သူ့သမီးကို ဂုဏ်ယူမဆုံးဖြစ်နေသည်။ သမီးရော၊ အမေရော တက်တက်ကြွကြွ။ မတက်ကြွနိုင်သူမှာ သူ ဖြစ်သည်။ ဆုတက်ယူဖို့ ဝတ်စုံသစ်တစ်စုံ ဝယ်ပေးမည်ဟု ဆိုသည်။ အဝတ်အစားက ကောင်းကောင်း မရှိတော့။ ကျောင်းစိမ်းဝတ်စုံကလေးမှာ နွမ်းလျရိလှပြီ။ အမေလုပ်သူကလည်း ရိလှပြီ။ အမေလုပ်သူကလည်း ဝယ်ပေးဖို့ တိုက်တွန်းနေသည်။ ငွေပိုငွေလျှံရယ်လို့ သူ့မှာမရှိ။ တစ်အိမ်လုံးမှာလည်း မရှိ။ ရောင်းချ ပေါင်နှံစရာလည်း မရှိ။

အကြွေးကလည်း တော်တော်များများ တင်နေသည်။ ဟိုလူ့ဆီက နည်းနည်းချေးလိုက်၊ ဒီလူ့ဆီက နည်းနည်းငှားလိုက်ဖြင့် ကြာတော့ ပြန်မဆပ်နိုင်သည့် အကြွေးတွေက များလာသည်။ ဘဝတစ်လျှောက်လုံးတွင် စီးပွားဥစ္စာ ဖြစ်ထွန်းမည့်လုပ်ငန်း ကြီးကြီးကျယ်ကျယ်လည်း တစ်ခါမျှ မလုပ်ဖူးခဲ့သည့်အလျောက် သူ့မိသားစုနှင့် ဝင်ငွေမှာ မမျှဘဲ ဖြစ်နေသည်။

လုပ်ငန်း ကြီးကြီးကျယ်ကျယ် မလုပ်ကိုင်ဖူးသည့်တိုင် စိတ်ကူးကြီးကြီးကျယ်ကျယ်များတော့ သူ့ဦးနှောက်ထဲ အမြဲတမ်း ရှိပါသည်။ ရွှေဖြစ်၊ ငွေဖြစ် နည်းလမ်းတွေ သူ့မှာ အများကြီးရှိသည်။

အမေလုပ်သူနှင့် သမီးက သူ စာဖတ်နေသည့်အနား လာထိုင်သည်။ အစည်းအဝေး စတင် ကျင်းပသည့်သဘော။

'ကဲ ... ဘယ်လိုလဲ ဖေဖေကြီး၊ ပိုက်ဆံ ... ပိုက်ဆံ'

မိန်းမက ဆော်ဩသည်။ သူ မလှုပ်နိုင်။ စာအုပ်ကို ဖတ်ချင်ဟန်ဆောင်ပြီး စဉ်းစားခန်း ဝင်နေမိသည်။

'ရှိတာပဲ ဝတ်သွားပေါ့ကွာ'

'ဟာ ... ဖေဖေကြီးကလည်း ဒီအဟောင်းကြီးပဲ ဝတ်သွားရမှာလား။ ပြီးတော့ ဒါက ကျောင်းစိမ်းကြီး။ ဒီလိုနေ့မျိုးမှာ ဘယ်သူမှ ကျောင်းစိမ်းဝတ်လာမှာ မဟုတ်ဘူး။ သဲသဲဦးတို့က ဂျင်းစကတ် ဝတ်ခဲ့မှာတဲ့'

သမီးက စိတ်ဓာတ်ကျနေသည့် အမူအရာဖြင့် ညည်းတွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အမေလုပ်သူကတော့ မျက်စောင်းတခဲခဲနှင့်။ အင်း ... တစ်ခုခုတော့ လုပ်မှ။

'ဆု ယူမနေပါနဲ့တော့ကွာ'

'ဘယ်လို ... ဘယ်လို ...'

'ဟာဗျာ ... ဖေဖေကြီးကလည်း ...'

နှစ်ယောက်စလုံး၏အသံမှာ စိတ်ပျက်မှုများ ပေါ်နေ၏။ တောက်တဲ့တွေလည်း အခုတလော အော်သံမကြားရ။

'ယန်းပေါ်ဆတ်တောင် နိုဘယ်ဆုကြီးကို ငြင်းပယ်ခဲ့သေးတာပဲ။ သမီးလည်း ဒီဆုလောက်တော့ မက်မနေစမ်းပါနဲ့ကွာ'

ပြောမိပြောရာ ပြောချလိုက်မိသည်။

မိန်းမ အသံက နည်းနည်းပိုပြီး မြင့်တက်လာသည်။ သမီးကတော့ ဘာမျှမပြောတော့။ ငိုမဲ့မဲ့ ဖြစ်နေသည်။ အင်း ... မဟုတ်သေးပါဘူး။ တစ်ခုခုတော့ ကြံဖန်ဦးမှ။ ကလေး စိတ်ဓာတ်ကျသွားလိမ့်မယ်။

'ရပါတယ်ကွာ။ သမီးကို ဖေဖေ စတာပါ'ဆိုပြီး သမီးကို ချော့ရသည်။

ညနေ သူ အပြင်မှ ပြန်လာတော့ သူ့အိတ်ကပ်ထဲ ငွေငါးရာ ပါလာသည်။ သမီးက စာဖတ်နေရာမှ မော့ကြည့်ပြီး ခေါင်းပြန်ငုံ့ကာ စာဆက်ဖတ်နေသည်။ မိန်းမကတော့ ဘယ်လိုလဲဟူသော မျက်နှာပေးဖြင့်ထလာပြီး သူ့အနီး လာထိုင်သည်။

'ကဲ ... ရော့ကွာ၊ ငွေငါးရာ။ ကြည့်သာ ဝယ်ပေးလိုက်ပေတော့'

မိန်းမက ပိုက်ဆံများကို အသေအချာ ရေတွက် စစ်ဆေးပြီး အိတ်ကပ်ထဲ ထည့်သည်။ ပြီးမှ သူ့မျက်နှာကို စိုက်ကြည့်ပြီး မေးသည်။

'ဒါက ဘယ်သူ့ဆီက ချေးလာတာတုံး'

စစ်ဆေးရေး ဝင်နေပြန်သည်။ သူ မဖြေချင်ပါ။ ပိုက်ဆံရှာပြီးလျှင် ပိုက်ဆံအကြောင်း ဆက်ပြောမနေတော့။ နှစ်ခါ အမောမခံချင်။

'ဘယ်သူ့ဆီက ဆိုတာ အရေးမကြီးပါဘူး။ ပိုက်ဆံရ ပြီးရော မဟုတ်လား'

'ဟုတ်ပါတယ်။ ဘယ်သူ့ဆီကဆိုတာ အရေးမကြီးပါဘူး။ ထား

mgyoe.com

mgyoe.com SAMPLE BOOK

ပါတော့။ ဒါပေမဲ့ အမြဲတမ်း သူများဆီက ပိုက်ဆံချေးပြီး ဖြေရှင်းနေတဲ့ နည်းဟာ ရေရှည်မှာ မလွယ်ဘူး မဟုတ်လား'

မိန်းမ၏ လေးနက်နေမှုက သူ့ကို မအီမသာ ဖြစ်စေပြန်သည်။

'ဘင်ဂျမင် ဖရင်ကလင် ပြောသလိုပေါ့ကွာ။ ငွေရဲ့တန်ဖိုးကို သိချင်ရင် တစ်စုံတစ်ယောက်ဆီ သွားပြီး ငွေချေးကြည့်တဲ့။ ငါလည်း ...'

'တော်စမ်းပါ။ ဘယ်က ဘင်ဂျမင်လဲ ...။ ပေါက်တတ်ကရတွေ'

မိန်းမက စိတ်မရှည်သလို ပြောတော့ သူ ရယ်မောပစ်လိုက်ရသည်။ ငွေရေးကြေးရေးကိစ္စနှင့် တစ်ဆက်တည်းပင် ဂုဏ်သိက္ခာပိုင်းတွင်လည်း သူ အရည်ပျော်ခဲ့ရသည်များ မကြာခဏ ကြုံရပါတော့သည်။

ဟိုတလောဆီက သူ့မွေးရပ်ဇာတိမှ ဧည့်သည်နှစ်ဦး ရောက်လာသည်။ ရွာဘုန်းကြီးကျောင်း အုတ်တံတိုင်း ဆောက်လုပ်နေသည့်အတွက် ရပ်ရွာရှိ ဒါယကာ ဒါယိကာမများထံမှ အလှူငွေ ကောက်ခံသည်။ မြို့မှာနေသည့် ရွာသားများထံမှလည်း အလှူငွေ ပါဝင်ဖို့ လိုအပ်နေသည်ဟု ဆိုသည်။ ရွာမှ နေသူများကိုတော့ တစ်ဦး ဘယ်မျှစီဟု ကြေး သတ်မှတ်၍ အလှူခံသည်။ မြို့မှာ နေသူများကိုတော့ ကြေး မသတ်မှတ်။ စေတနာ အလျောက် လှူဒါန်းနိုင်သည်။ သို့သော် ကောက်ခံပြီးသမျှ အခြားသူများ၏ အလှူငွေ ကိန်းဂဏန်းမှာ သုံးရာကျပ်၊ ငါးရာကျပ် စသည်ဖြင့် အသီးသီး ရှိကြသည်။ တစ်ရာကျပ်လှူသူ တစ်ဦးသာ ပါသည်။ သူ့အနေဖြင့်လည်း တစ်ရာကျပ်တော့ အနည်းဆုံး လှူသင့်ကြောင်း ရှင်းပြနေသည်ကို ငြိမ်သက်စွာ နားထောင်နေမိသည်။ နောက်ဆုံးတွင်မှ သူ့တွင် အခုလောလောဆယ် မပြေလည်သေး၍ နောက်မှ လှူဒါန်းပါမည့် အကြောင်း တောင်းတောင်းပန်ပန် ပြောဆိုလိုက်ရသည်။

မိမိ ဇာတိရပ်ရွာနှင့် ပတ်သက်၍ အခြားကိစ္စများပါ အမှတ်ရမိပြန်သည်။ ဟိုတစ်ကြိမ်တုန်းကလည်း သူ၏ငယ်ဆရာ ဘုန်းတော်ကြီး ပျံလွန်တော်မူ၍ ဘုန်းကြီးပျံပွဲတော်အတွက် အလှူငွေ ကောက်ခံသည်။ ထိုအချိန်ကလည်း မလှူဒါန်းဖြစ်ခဲ့။ လွန်ခဲ့သည့် ငါးနှစ်ကျော်ကျော်က မိခင်ကြီး ဆုံးပါးသွားသည်။ အမေ၏ တစ်ဦးတည်း ကျန်ရှိသည့် သားတစ်ယောက်ဖြစ်သူ သူ့အား အုတ်ဂူတစ်ခု ပြုလုပ်ဖို့ ဆွေမျိုးသားချင်းများ

mgyoe.com

mgyoe.com SAMPLE BOOK

က တိုက်တွန်းခဲ့သည်ကို အကြွေးထားပစ်ခဲ့ရသည်။ အဆင်ပြေသည့် အချိန်တွင် လာရောက် ပြုလုပ်ပါမည်ဟု ကတိခံခဲ့သည်။ ယခုအချိန်ထိ ရွာသို့ လုံးဝပြန်မရောက်။ အစ်ကိုကြီးဖြစ်သူနှင့် အစ်မတို့ ဆုံးပါးသွားကြပြီ။ ယောက်ဖဖြစ်သူနှင့် မရီးဖြစ်သူတို့မှာ မုဆိုးဖိုနှင့် မုဆိုးမများအဖြစ် ကျန်ရစ်ခဲ့သည်။ ကလေးတွေနှင့် ဒုက္ခရောက်ပြီး ကျန်ရစ်ခဲ့သည်။ သူတို့မိသားစုများကို ထောက်ပံ့ကူညီဖို့ ဝတ္တရားရှိသော်လည်း တာဝန် မကျေပွန်ခဲ့။

လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန် တိုးတက်မည့် လုပ်ငန်းတစ်ခုခုကို လုပ်လိုသော်လည်း စိတ်ကူးရင်း စိတ်ကူးရင်းဖြင့်သာ တစ်နေ့ပြီး တစ်နေ့ ကုန်လွန်သွားတော့သည်။

နောက်နှစ်ဆိုလျှင် သားတော်မောင် လေးတန်းရောက်တော့မည်။ လေးတန်းရောက်တော့သည်က အကြောင်းမဟုတ်။ အသက်က ကြီးကြီးလာပြီ။ ယောက္ခမဖြစ်သူ အဘိုးကြီးနှင့် အဘွားကြီးတို့က သူတို့မြေးကို ရှင်ပြုအလှူပေးဖို့ ခဏခဏ တိုက်တွန်းနေသည်။ သူတို့က ဦးဆောင်ပြီး လှူဒါန်းရအောင်ကလည်း သူတို့မှာ အင်အား မရှိ။ ရှင်ပြုအလှူပေးသာမဏေဘောင်သို့ ချီးမြှင့်ပေးရမည်မှာ ဗုဒ္ဓဘာသာဝင် မိဘတိုင်း၏ တာဝန်ပင် မဟုတ်ပါလား။ အလှူရေစက် လက်နှင့်မကွာ ရှိရမည်မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း၏ ဓလေ့ထုံးစံပင် မဟုတ်ပါလား။

ဟိုတစ်နေ့ညနေ သူ အလုပ်မှ ပြန်လာချိန်တွင် သူ့အိမ်၌ ထူးခြားမှု တစ်ခုကို ကြုံတွေ့ရသည်။ သူ့အိမ်နောက်ဖေး ညောင်ပင်အိုကြီး တစ်ပင် ရှိသည်။ ရှေးယခင်က ဟိန္ဒူဘာသာဝင်တို့ အထွတ်အမြတ်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးနတ်တစ်ပါး စောင့်ရှောက်သည်ဟု ဆိုစမှတ်ရှိခဲ့ကြသည်။ ရှေးယခင်က ထိုညောင်ပင်၏ ခြေရင်းတွင် အမြစ်များမှ တစ်ပါး ဘာမျှမရှိသော်လည်း ထိုနေ့က ညောင်ပင်ခြေရင်းတွင် နှစ်ပေခန့် အမြင့်ရှိပြီး တစ်ပေခန့် ကျယ်ဝန်းသည့် အုတ်ရိုးတစ်ခု ညောင်ပင်ကို ပတ်ပိုင်းပြီး တည်ဆောက်ထားကြောင်း တွေ့ရသည်။ ဆက်လက်တည်ဆောက်ရန် အုတ်ပုံတစ်ပုံနှင့် ထုံး၊ သဲ၊ ဘိလပ်မြေများကို တွေ့ရသည်။ ညောင်ပင် တောင်ဘက်မျက်နှာစာတွင် ရုပ်တုတည်ထား ကိုးကွယ်

mgyoe.com

mgyoe.com SAMPLE BOOK

ရန် နတ်ကွန်းသဘော အဆောက်အအုံ သေးသေးတစ်ခု ပါရှိသည်။

ညကျတော့ မိန်းမက သူ့ကို ရှင်းပြသည်။

'အရှေ့ဘက် တိုက်အိမ်ကြီးက လာပြီး ဆောက်လိုက်တာလေ။ သိပ်တန်ခိုးကြီးတဲ့ နတ်ဆိုပဲ။ သူတို့လည်း ဒီညောင်ပင်ကို ကိုးကွယ်ပြီး ဆုတောင်းခဲ့လို့ လုပ်ငန်းတွေ မတရား အောင်မြင်တာမို့ ဒီအုတ်ခုံနဲ့ နတ်ကွန်း လာဆောက်ပေးတာ။ အေးလည်း အမွှေးတိုင်နဲ့ ဆီမီး ပူဇော်ထားခဲ့တယ်။ လိုတဲ့ဆုလည်း တောင်းခဲ့တယ်။ အစ်ကိုလည်း နေ့စဉ် ရှိခိုး၊ အာရုံပြုပြီး ဆုတောင်း၊ သိလား'

ထိုနေ့မှစပြီး ညောင်ပင်နတ်ကွန်းတွင် အမွှေးတိုင်များ၊ ဖယောင်းဆီမီးများ၊ မုန့်ပဲသရေစာများ စဉ်ဆက်မပြတ် ရှိနေတတ်သည်။ သူ့မိန်းမ အတန်တန် တိုက်တွန်းသည့်ကြားကပင် သူကတော့ ထိုညောင်ပင်ကို ရှိခိုး ဆုတောင်းရမှာ ခက်နေသည်။ ပြီးတော့ ထိုသို့ပြုလုပ်ရမှာ သူ ရှက်လည်း ရှက်နေသလိုပင်။ 'ဟာကွာ ... ငါတို့က ဗုဒ္ဓဘာသာတွေပဲ။ နတ်တွေကို ကိုးကွယ်ဖို့ မလိုပါဘူး။ ပြီးတော့ ဒါက နတ်တောင်မှ မြန်မာနတ် မဟုတ်ဘူး။ ကုလားနတ်ကွ၊ သိလား'ဟု ဆိုပြီး ငြင်းဆန်နေမိသည်။

ဟိုတလောတုန်းကလည်း ပန်းပုဆရာကတော် လက်ဆောင်ပေးလိုက်သည်ဆိုပြီး မိန်းမ ယူလာသည့် မဟိန္ဒရာသူတော်စင်၏ ပလတ်စတာ ပုံတော်တစ်ခု ဘုရားစင်ဘေးမှ စင်ပေါ်မှာ ရှိပြီး မဟုတ်လား။ ထိုသူတော်စင်သည် ကိုးကွယ်သူ မှန်သမျှအား ဆုတောင်းတိုင်း ပြည့်၍ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံစေသည်ဟု ဆိုသည်။

သို့ရာတွင် ယခုအချိန်ထိတော့ ထိုမဟိန္ဒရာ သူတော်စင်က သူ့အား တစ်စုံတစ်ရာ ကောင်းကျိုးမပေးသေးပါ။ ဘယ်မှာ ပေးလိမ့်မည်နည်း။ သူတော်စင်က အရက်သေစာ သောက်စားခြင်းကို မကြိုက်။ သူက သူတော်စင် စံမြန်းသည့် အောက်တည့်တည့်တွင် အရက်တစ်ပုလင်းလောက် ကုန်အောင် ထိုင်သောက်နေတတ်သည်။ ပုလင်းထဲ အရက်ကုန်လို့ မူးပြီဆိုမှ မူးမူးရူးရူးဖြင့် သူတော်စင်အား ငိုကြွေး တောင်းပန်တတ်သည်။ တပည့်တော် လူမိုက်ပါ၊ သောက်မိပါသည်ဘုရား၊ တပည့်တော် လူမိုက်အား သနား ခွင့်လွှတ်သောအားဖြင့် မူးရူးနေသော်လည်း သူများလောက်

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်တောင် နည်းနည်းပါးပါး (နည်းနည်းဆိုသော်လည်း သိပ်တော့ မနည်းဘဲ) ပေးသနားတော်မူပါဘုရား စသည်ဖြင့် သူ လိုချင်သမျှ ဆန္ဒတွေကို တောင်းဆိုတတ်သည်။ သူ လိုချင်သမျှ ဆန္ဒများ၏ တစ်ဝက်မျှ မကုန်သေးမီပင် အိပ်ပျော်သွားတတ်သည်။

ဤသို့ဖြင့် လူ့ဘဝ သံသရာကြီး လည်ပတ်နေခဲ့သည်။ ပိုက်ဆံ၊ ပိုက်ဆံ၊ ပိုက်ဆံဟု အရူးတစ်ယောက်လို သူ့နှုတ်မှ တတွတ်တွတ် ရေရွတ်နေမိတတ်သည်။ နေမင်းပိုင်စိုး ရေးသည့် 'ပိုက်ဆံမရှိခြင်းနှင့် အခြားရောဂါများ'ဟူသော မကောင်းဆိုးဝါး ကဗျာတစ်ပုဒ်ကိုလည်း သူ ဖတ်ဖူးသည်။ ပိုက်ဆံရနိုင်မည်ဆိုသည့် နည်းလမ်း တော်တော်များများကို လိုက်ရှာဖူးသည်။ လက်တွေ့ကျကျတော့ မဟုတ်လှ။ သေနတ်နှင့် ပစ်လျှင် ကျည်ဆန်မထွက်နိုင်ဟု ဆိုသော မိုးကြိုးသွားအစစ်တို့၊ ချိုးအမတေဥတို့ ဆိုတာတွေကို လိုက်ရှာဖူးသည်။ တစ်ခုမှ အဆင်မပြေခဲ့။

ဟိုနေ့မနက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း သူနှင့် သူ့မိတ်ဆွေတို့ သေနတ်ပြီးသည့် လက်ဖွဲ့အကြောင်း ပြောရင်းမှ ကဝေသာရ ကျမ်းအကြောင်း ရောက်သွားသည်။ ကဝေသာရကျမ်းအကြောင်း ပြောရင်းမှ အာဒိကပ္ပကျမ်းလာ ဓာတ်တိုင်ထူပုံအကြောင်း ရောက်သွားပြန်သည်။ ဓာတ်တိုင်ထူပုံအကြောင်း ပြောရင်းမှ ပဋ္ဌပ္ပတ်တိုင်ထူရာတွင် အသုံးပြုရမည့် လက်ာနှင့်ပတ်သက်ပြီး သူတို့နှစ်ဦး အငြင်းပွားကြသည်။ ပဋ္ဌပ္ပတ်တိုင် ထူရမည့် လက်ာမှာ 'နှော၊ ဖဲ၊ သီး၊ ခါ၊ မှည့်၊ ဦး၊ ဓာ' ဖြစ်ကြောင်း သူက ပြောတော့ သူ့မိတ်ဆွေက မဟုတ်ကြောင်း ငြင်းသည်။ 'ဝါ၊ ဦး၊ မှည့်၊ ကင်း၊ သီး၊ ဆံ၊ ကင်း' ဖြစ်ကြောင်း သူ့မိတ်ဆွေက အခိုင်အမာ ဆိုသည်။

သူတို့နှစ်ဦး အငြင်းပွားမှုမှာ တစ်ဆိုင်လုံးရှိ လူများက အာရုံစိုက်လာရသည်ထိ ဖြစ်သည်။ အာရုံစိုက်လာကြသော်လည်း သူတို့ နားမလည်နိုင်သည့် အကြောင်းအရာ ဖြစ်သောကြောင့် တစ်စုံတစ်ရာ ဝင်ရောက်ဆွေးနွေးခြင်း မပြုကြ။ သူတို့၏ လေယူလေသိမ်းများ အဆုံးထိ မြင့်တက်နေသော်လည်း ဆိုင်ရှင် အဘိုးကြီးက သူတို့ကို မောင်းမထုတ်။ သဘောပင် ကျနေသည်။ သူတို့စကားဝိုင်း ပြီးသွားမှာ စိုးရိမ်နေသည့်။

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်ဆုံး သူတို့စကားဝိုင်း မြွေမသေ တုတ်မကျိုးဖြင့် ပြီးဆုံး၍ လူချင်းခွဲ ထပြန်ကြသောအခါ နေ့လယ် ဆယ့်နှစ်ရီပင် ထိုးနေပြီ။ ထိုအခါကျမှ သူ အိမ်မှ ထွက်လာခဲ့သည်မှာ နံနက် ခုနစ်နာရီကတည်းက ဖြစ်ကြောင်း၊ မိန်းမက လောလောဆယ် ထမင်းချက်ဖို့ ဆန်ဝယ်ခိုင်းလိုက်ခြင်း ဖြစ်ကြောင်း အမှတ်ရသည်။

လက်ဖက်ရည်ဖိုး ရှင်းပြီးသောအခါ မိန်းမ ဝယ်ခိုင်းလိုက်သော ဆန်ဖိုးထဲမှ ပိုက်ဆံအနည်းငယ် လျော့သွားသည်။ ဆန်နှစ်ပြည်ဝယ်ရန် ဖြစ်သော်လည်း တစ်ပြည်ခွဲသာ ဝယ်လိုက်နိုင်သည်။

မနေ့ညတုန်းကတော့ သူတစ်ယောက်တည်း အိပ်မပျော်ဘဲ ဖြစ်နေသည်။ ပိုက်ဆံအကြောင်း တောင်တွေးမြောက်တွေးဖြင့် စိတ်ကယောက်ကယက် ဖြစ်နေသည်။ အိမ်နောက်ဖေး လှေကားထစ်မှာ ထိုင်ပြီး အတွေးနယ်လွန်မိသည်။

ထိုစဉ် ညောင်ပင် နတ်ကွန်းထဲ၌ ညက တစ်စုံတစ်ယောက် ထွန်းညှိ ပူဇော်ထားသည့် ဖယောင်းတိုင်ငုတ်တိုမှာ မီးမငြိမ်းတတ်သေး။ တရှိန်ရှိန်နှင့် လောင်မြိုက်နေဆဲ ဖြစ်သည်။ ထိုဖယောင်းတိုင် ငုတ်တိုနှင့် နတ်ကွန်းက သူ့စိတ်အာရုံကို ဆွဲဆောင်လျက် ရှိသည်။ ထိုညောင်ပင်စောင့်နတ်အား ယုံကြည်ကိုးကွယ်သည့် အရှေ့ဘက်အိမ်မှ တိုက်မြင့်မြင့်ကြီး ခန့်ညားထည်ဝါစွာ မိုးသို့ မြင့်တက်လျက် ရှိသည်။

အင်း ... ငါ ယုံယုံကြည်ကြည် ကိုးကွယ်လိုက်ရင်လည်း ညောင်စောင့်နတ်က ငါ့ကို တစ်စုံတစ်ရာ ကောင်းကျိုးပေးမှာပဲ။ သူ တွေးသည်။ တွေးရင်း၊ တွေးရင်း သူ့ခြေလှမ်းတွေက ညောင်ပင်နတ်ကွန်းဆီသို့ စတင်ခြေလှမ်းမိသည်။ လူတော်တော်များများ ညောင်ပင်စောင့်နတ်အား ကိုးကွယ် ပသကြသော်လည်း သူ မကိုးကွယ်ခဲ့သည်ကို လူအများ သိသည်။ မိန်းမကို ပြောထားဖူးသည့် စကားတွေလည်း ရှိသည်။ အို ... ငါ ရှိခိုးနေတာ ဘယ်သူ မြင်မှာလိုက်လို့။ အားလုံး အိပ်ကုန်ပြီ။ မြင်တော့ ဘာဖြစ်လဲကွာ။ ကဲ ... ငါ ကိုးကွယ်ချင်လို့ ကိုးကွယ်တာ။ သူသည် သူ့စိတ်အာရုံ တစ်ခုလုံးကို နှစ်မြုပ်ပြီး ညောင်ပင် နတ်ကွန်းရှေ့သို့ ဒူးတုပ် ထိုင်ကာ ရှိခိုးလျက် ဆုတောင်း ရွတ်ဆိုမိတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အသင် ညောင်စောင့်နတ်မင်း၊ ကျွန်ုပ်အား မစတော်မူပါ။ ကူညီစောင့်ရှောက်တော်မူပါ။ ပိုက်ဆံတွေ အများကြီး ပေးသနားပါ။ ကျွန်ုပ်မှာ အကြွေးတွေ အများကြီး တင်နေပါသည်။ သံသရာအပေါ်မှာလည်း အကြွေးတင်နေပါသည်။ တမလွန်ဘဝ ရောက်နေသည့် အမိအဖများအပေါ် တင်ရှိနေသည့် အကြွေးများလည်း မဆပ်ရသေးပါ။ သားသမီးအပေါ်လည်း တာဝန်မကျေသေးပါ။ အသင် ညောင်စောင့်နတ်မင်း ...၊ ကျွန်ုပ်အား ပိုက်ဆံတွေ များများကြီး မစပါ။ ကျွန်ုပ် နေထိုင်သည့် မြို့အပေါ်မှာလည်း အကြွေးတွေ တင်နေပါသည်။ ကျွန်ုပ်အား မွေးဖွားခဲ့သည့် ဇာတိရပ်ရွာအပေါ်မှာလည်း အကြွေးတွေ ပေးဆပ်စရာ ရှိပါသည်။ ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းများအပေါ်မှာလည်း အကြွေးပေးစရာရှိပါသည်။ အသင်နတ်မင်း ... ကျွန်ုပ်အား သိန်းထီတွေ အများကြီးပေါက်အောင် မစတော်မူပါ'

စိတ်ပါလက်ပါ ရွတ်ဆို ဆုတောင်းနေမိသည်မှာ အရုဏ်ဦး ကြက်များ တွန်ကျူးပြီးနောက် အရှေ့ဆီက ရောင်နီပျို့လာသည်ကိုပင် သူသတိမထားမိ။ ထိုအချိန်တွင် ညောင်ပင်ထိပ်ဖျားမှ တစ်စုံတစ်ရာသောအသံကို သူ့နားထဲမှ ကြားလိုက်ရသည်။ တောက် ... တောက် ... တောက် ...။ ဟင် ... တောက်တဲ့သံပါလား။ ထိုအသံသည် တစ်ခါက နားထဲ စွဲဖူးသည့် အသံပင် မဟုတ်ပါလား။ သူ့အာရုံများ အလိုလို စုစည်းပြီး ဖြစ်သွားသည်။ တောက်တဲ့ အော်တော့မည်။ အော်တော့မည်။ တောက်တဲ့၏ နောက်တစ်ကြိမ် အသံစမ်းမည့်အချိန်ကို ရင်မောစွာ စောင့်နေဆဲမှာပင် ဒုတိယအကြိမ် ထွက်ပေါ်လာပြီး ပြီးဆုံးသွားသည်။

တောက်တဲ့ ... တစ်၊ တောက်တဲ့ ... နှစ်၊ တောက်တဲ့ ... သုံး၊ တောက်တဲ့ ... လေး၊ တောက်တဲ့ ... ငါး၊ တောက်တဲ့ ... ခြောက်၊ တောက်တဲ့ ... ခုနစ်၊ တောက်တဲ့ ... ရှစ်၊ တောက်တဲ့ ... ကိုး။

ဟာ ... ဟုတ်ပြီ။ ရပ်သွားပြီ။

အလိုအလျောက် လေထဲ မြောက်တက်သွားသလို ခုန်ထလိုက်မိသည်။ 'မိန်းမရေ ... မိန်းမရေ ...'ဟု အော်ခေါ်ပြီး အိမ်ပေါ် အပြေးတက်ခဲ့သည်။ မိန်းမကို ပြေးနှိုးရသည်။ သူ ပထမဆုံး အော်လိုက်ချိန်ကတည်းက

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမက နိုးနှင့်နေပါပြီ။ ခြင်ထောင်အပြင်ဘက် ရောက်နေသည့် မိန်းမကို ဝမ်းသာအားရ ပွေ့ဖက်လိုက်သည်။ 'ကိုးကြိမ်တိတိနဲ့ ကြုံပြီ၊ ကြုံပြီ။ မိန်းမရေ ... ပွပြီကွ'ဟု အားရဝမ်းသာ ပြောမိသည်။

'ဟုတ်လား'

မိန်းမကလည်း သူ့လိုပင် ဝမ်းသာနေသည်။ ဝမ်းမသာဘဲ နေပါ့မလား။ သူ အနှစ်နှစ် အလလက စောင့်မျှော်နေခဲ့သည်ကို မိန်းမကလည်း အသိပင်။

'ဝမ်းသာလိုက်တာ အစ်ကိုရယ်။ ဘယ်မှာလဲ ... အစ်ကို ဘာကို ကိုင်ထားလိုက်သလဲ။ ပြစမ်း၊ ပြစမ်း'

'ဟင် ...'

သူ့လက်ထဲတွင် တစ်စုံတစ်ရာ ဆုပ်ကိုင်မထားမိကြောင်း အခုမှ သိသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အလွှာကိုးရဲ့ခေါင်မိုးပေါ်မှာ

ရန်ကုန်မြို့တော်ကြီးရဲ့ တိုက်ခေါင်မိုး အမြင့်ကြီးတစ်ခုပေါ်မှာ ဖေဖေ ရောက်နေတယ်။ အဲဒီတိုက်အမြင့်ကြီးဟာ အလွှာကိုးခု ရှိတယ်ကွဲ့။ သည်လမ်းထဲမှာတော့ သည်တိုက်ကြီးဟာ အမြင့်ဆုံးပါပဲ။ အဲဒီ အလွှာကိုးရဲ့ ထပ်ခိုးပေါ်ကနေ တစ်ဆင့်တက်ပြီး ခေါင်မိုးတံခါးကို ဖွင့်ကြည့်လိုက်ရင် ရန်ကုန်မြို့တော်ကြီးရဲ့ အခြား အဆောက်အဦတွေကို မြင်ရတာပေါ့။

မလှမ်းမကမ်းမှာ ဆူးလေစေတီတော်မြတ်ကြီး ရှိတယ်။ သွပ်မိုးမည်းမည်းတွေနဲ့ ဟောင်းနွမ်းတဲ့ တိုက်ခန်းတွေလည်း ရှိတယ်။ ချွန်ချွန်ထက်ထက် ဘုရားရှိခိုးကျောင်းတွေ၊ အစိုးရ အဆောက်အဦတွေနဲ့ လူနေတိုက်ခန်းတွေဟာ အနိမ့်အမြင့် မညီညာဘဲ ရှိနေတာပေါ့။ အခု ဖေဖေ ထိုင်နေတဲ့ တိုက်ခေါင်မိုးကြီးထက် ပိုမြင့်တဲ့ ခပ်လှမ်းလှမ်းက အဆောက်အဦကြီး တစ်ခုပေါ်မှာ ဝန်ချီစက်ကြီးတွေနဲ့ ပြုပြင် တည်ဆောက်နေကြတယ်။ တိုက်ခေါင်မိုးပေါ်မှာ တီဗီအင်တာနာတိုင်တွေ၊ စလောင်းတွေ၊ ပန်းရန်အလုပ်သမားတွေ၊ သစ်သားငြမ်း ထိုးထိုးထောင်ထောင်တွေဟာ မျက်စိတဆုံးပဲပေါ့။ ဟို ခပ်လှမ်းလှမ်းမှာ ရွှေတိဂုံ စေတီတော်မြတ်ကြီးဟာ

mgyoe.com

mgyoe.com SAMPLE BOOK

သပ္ပာယ် ကြည်ညိုစရာကောင်းလှစွာ ဝင်းပြောင်လို့နေတယ်။ မြေပြင် လမ်းမတွေပေါ်မှာတော့ မော်တော်ကားမျိုးစုံဟာ တဝေါဝေါ မောင်းနှင်လို့ပေါ့ကွယ်။ အခြားတိုက်ခန်းတွေ ရှေ့မှာလည်း သွယ်တန်းထားတဲ့ အဝတ်ကြိုးတန်းတွေ၊ ဓာတ်ကြိုးတွေနဲ့ ကြော်ငြာဆိုင်းဘုတ်တွေဟာ အစီအရီပါပဲ။

သည်အကြောင်းတွေ သမီးကို ရေးပြနေပေမဲ့ တကယ်တော့ ဖေဖေ့ ရင်ထဲ ခံစားနေရတာဟာ သမီးတို့ မောင်နှမတစ်တွေနဲ့ သမီးတို့ရဲ့ မေမေကြီးကိုပါကွယ်။ တစ်နည်းပြောရရင်တော့ ရန်ကုန်မြို့ကြီးရဲ့ တိုက်ခေါင်မိုး မြင်ကွင်းတွေကို ကြည့်ရင်း ဖေဖေ သမီးတို့ကို လွမ်းနေတာ။ သမီးရေ ... ဖေဖေ ရန်ကုန်ရောက်တာ တစ်ပတ်ပြည့်တော့မယ်နော်။ တစ်ရက်မှ သမီးတို့ကို အမှတ်မရတဲ့နေ့ မရှိပါဘူးကွယ်။ အမှတ်ရတယ်။ လွမ်းတယ်။ လွမ်းတယ်ဆိုတာထက် ကြေကွဲ နာကျင်နေရတယ်ဆိုရင် ပိုပြီးမှန်မှာပါ။ သမီးတို့ ကျန်းကျန်းမာမာနဲ့ နေထိုင်ကောင်းကြမယ်ဆိုတာ ဖေဖေ ယုံကြည်ပါတယ်။ ဒါပေမဲ့ ဖေဖေ မရှိတဲ့ရက်တွေမှာ သမီးနဲ့ မေမေကြီးတို့ အလုပ်တွေ သိပ်များနေမယ်ဆိုတာ တွေးမိပြီး စိတ်မကောင်းဖြစ်ရတယ်။

ဖေဖေ ထွက်လာတုန်းက လျှပ်စစ်မီးဖို ပျက်နေတယ်မဟုတ်လား။ သမီးတို့လည်း ပြင်တတ်ကြမှာ မဟုတ်ဘူးဆိုတာ ဖေဖေ သိတယ်။ မီးသွေး ဝယ်ပြီးသား အဆင်သင့် ရှိမှ ရှိပါ့မလား။ ထမင်းအိုးတည်ရင်း သမီး စာကျက်နေမယ်ဆိုတာ ဖေဖေ သိပါတယ်။ မေမေကြီးက ရေခပ်မယ်။ တလင်းပြင်မှာ အမှိုက်လှည်းမယ်ပေါ့။ မောင်လေးနဲ့ညီမလေးကို အလွယ်တကူ နှိုးမရလို့ သမီး ဒေါသဖြစ်မနေနဲ့နော်။ ညက ဟင်းကျန်မရှိရင် ထမင်းကြော်လေးပဲ စားသွားရလို့ ညီမလေး စိတ်ကောက်နေရင်လည်း ချော့ပေါ့ကွယ်။ ညီမလေးက ခုနစ်နာရီ ကျောင်းတက်ရမှာဆိုတော့ သမီးပဲ လိုက်ပို့ရမှာပေါ့။ ဖေဖေ့အလုပ်တွေ သမီး လုပ်နေရလို့ ပင်ပန်းနေမှာပဲ။ မေမေကြီးကတော့ အချိန်မီ ဈေးရောင်းထွက်နိုင်ဖို့အတွက် ပြင်ရဆင်ရနဲ့ အလုပ်တွေ များနေမှာပေါ့လေ။

ဖေဖေကြီးဟာ အိမ်လွမ်းတတ်သူ မဟုတ်လေတော့ သမီးတို့

mgyoe.com

mgyoe.com
SAMPLE BOOK

မေမေကြီးကတော့ ဖေဖေ လွမ်းနေတယ်ဆိုတာ ယုံမှာ မဟုတ်ဘူးပေါ့လေ။ အင်း ... အခုဟာကတော့ ပြောခဲ့ပြီ မဟုတ်လား။ လွမ်းနေတယ် ဆိုတာ ထက် ကြေကွဲ နာကျင်နေတာပါ သမီးရယ်။ အရင်အခေါက်တွေ အကြိမ်ကြိမ်ပဲ ဒီရန်ကုန်မြို့ကြီးကို ရောက်တိုင်း ဖေဖေဟာ အိမ်ကို မေ့သွားတတ်သူပါပဲ။ ရန်ကုန်မြို့က မိတ်ဆွေတွေနဲ့ တွေ့။ မဂ္ဂဇင်းတိုက်တွေ လျှောက်သွား။ လက်ဖက်ရည်ဆိုင် ထိုင်ကြ။ အရက်ဆိုင်တွေ ရောက်တဲ့အခါလည်း ရောက်။ ဆူးလေ စေတီတော်မြတ်ကြီးကိုတော့ အနားကပဲ ကွေ့ကွေ့ပြီး ရှောင်သွားမိတတ်တယ်။ လှည်းတန်းဘက်က ဆိုင်ကလေးတွေမှာ ညစာစား။ အင်းလျားကန်ပေါင်ရိုးပေါ် လမ်းလျှောက်။ ၃၃ လမ်း ဝန်းကျင်တစ်လျှောက် လူတွေထဲ တိုးဝှေ့ဖြတ်သန်းသွားလာ။ လေထန်ကုန်းမှာ အချိန်ဖြုန်း။ နေ့လယ်စာ ထမင်းဆာပြီဆိုရင်တော့ ဦးစိမ်းနီ ရုံးဆီ အမြန်ချီတက်ရတာပေါ့။ ပြီးတော့ အားမာန်သစ်စာပေနဲ့ ကိုမြင့်မောင်ကျော်တို့ဆီ ရောက်သွား။ ကိုကျော်စိုးဝင်း လုပ်ငန်းတစ်ခုခုနဲ့ ကြုံတဲ့အခါ စိုးဒေဝီနဲ့ မိုးသီတာတို့ရှိရာ ပန်းဝေသီ မဂ္ဂဇင်းတိုက်ကို ရောက်တဲ့အခါလည်း ရောက်ပေါ့လေ။

နောက်ပြီးတော့ မေငြိမ်းတို့၊ ခက်မာတို့၊ မမွေးတို့နဲ့ ဆုံပြီး လက်ဖက်ရည်ဆိုင် ပြန်ထိုင်ကြ။ ညပိုင်းကျတော့ ၄၂ လမ်း၊ ဒါမှမဟုတ် ၁၉ လမ်းက ဆိုင်တွေဆီ ရောက်ပြန်တာပေါ့။

သမီးရေ ... ရန်ကုန်မြို့ကြီးကို ရောက်ပြီဆိုရင် သမီးတို့ကိုရော၊ မန္တလေးမြို့ကြီးပါ မေ့မေ့သွားတတ်တဲ့ ဖေဖေဟာ ခုတစ်ခေါက်တော့ သမီးတို့ကို သိပ်သတိရနေတယ်။ အဆင်မပြေမှုတွေနဲ့အတူ ထားပစ်ခဲ့ရတဲ့ သမီးတို့ကို သတိမရဘဲ နေပါ့မလားကွယ်။ ဖေဖေ့ရဲ့ မသေချာမှုတွေဟာ သမီးတို့အတွက် ဝေဒနာဖြစ်ရမယ်ဆိုရင် ဖေဖေ မနာကျင်ဘဲ နေနိုင်ပါ့မလား။ ဖေဖေ့ရဲ့ မပြေလည်မှုတွေကြောင့် သမီးတို့ ဘဝတွေ သိမ်ငယ်ရတာ ဖေဖေ နားလည်ပါတယ်။ ဖေဖေ မရှိတဲ့ ရက်တွေ အတွင်းမှာ သမီးတို့အတွက် ပြည့်ပြည့်စုံစုံ မထားရစ်နိုင်ခဲ့တာ စိတ်မကောင်းပါဘူး။ ဒီအခြေအနေ၊ ဒီဘဝမျိုးတွေကို ဖေဖေ ဆုတ်ဖြဲပစ်ချင်တာပေါ့။ ဒါပေမဲ့ ဖေဖေ့ရဲ့ ဘဝကြီးသာ အကြိမ်ကြိမ် ဆုတ်ဖြဲခဲ့ရတယ် မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

သမီးကရော ဖေဖေ့ကို လွမ်းနေသလားဟင်။ ဖေဖေ ငယ်ငယ်တုန်းကလည်း လွမ်းခဲ့ဖူးတာပေါ့။ ဒါပေမဲ့ ဖေဖေ လွမ်းခဲ့ရတာက ဘယ်တော့မှ ပြန်မလာနိုင်တော့မယ့် ဖေဖေ့ရဲ့ ဖေဖေကြီးကို ထာဝရ လွမ်းခဲ့ရတာပါ။ အခု သမီး လွမ်းနေတဲ့ သမီးရဲ့ ဖေဖေကြီးကတော့ မကြာခင်မှာပဲ သမီးဆီ အရောက်ပြန်လာနိုင်မှာပါ။

'ကလေးဘဝနဲ့ လူကြီးဘဝဆိုတာ အဝေးကြီးလား ဖေဖေ'

ဖေဖေ့ရဲ့ အမေးကို အပြည့်အစုံ ဖြေမသွားနိုင်ရှာဘဲ လွတ်လပ်ရေး ရပြီးခါစ ခေတ်အပျက်ကြီးထဲက ညတစ်ညမှာ ဖေဖေ့ရဲ့ ဖေဖေဟာ လောကကြီးကို စွန့်ခွာသွားခဲ့ရရှာတယ်။ ရွာရဲ့ အနောက်တောင်အရပ် တောင်ကမူအကြားက သေနတ်သံတွေဟာ ဖေဖေတို့ မိသားစုဘဝကို ပြိုကွဲသွားစေတဲ့ ပထမဦးဆုံး ကဏ္ဍတစ်ခုပေါ့။ ဖေဖေ့ရဲ့ ကလေးဘဝဟာ တောတန်း ခင်ပုတ်တွေကြားမှာ ကြီးပြင်းခဲ့ရတာပါ။ တောတန်း ခင်ပုတ်တွေရဲ့ အဆုံးမှာ နီညိုညို မွဲခြောက်ခြောက် တောင်ကုန်းတွေ အထပ်ထပ်ပေါ့။ အဲဒီတောင်ကုန်းတွေရဲ့ ဟိုးအဝေးမှာတော့ ညို့မှိုင်းပြာမှောင်နေတဲ့ ပုပ္ပားတောင်မြင့်ကြီး။ အဲဒီ တောင်တန်း ခင်ပုတ်တွေ၊ နီညို မွဲခြောက်နေတဲ့ တောင်ကုန်းတွေနဲ့ မှိုင်းညို့ ပြာမှောင်နေတဲ့ ပုပ္ပားတောင်မြင့်ကြီးကို မကြာခင် ရွာချတော့မယ့် မိုးသားတွေ တစ်ဝက်တစ်ပျက် ဖုံးအုပ်ထားတဲ့ ကားချပ်တစ်ခုကို ငေးမောကြည့်ရင်း ကမ္ဘာလောကကြီးအကြောင်း တစ်ခုမှ မသိဘဲ အတွေးနယ်ချဲ့နေတဲ့ ကလေးငယ် တစ်ယောက်ဟာ ဖေဖေ ကိုယ်တိုင်ပဲပေါ့ကွယ်။ အခု လွမ်းနေတဲ့ ဖေဖေ့ရဲ့ နောက်ခံကားချပ်မှာတော့ တောင်တန်း ခင်ပုတ်တွေ မရှိပါဘူး။ နီညိုညို မွဲခြောက် တောင်ကုန်းတွေနဲ့ ညို့မှိုင်းမှိုင်း ပုပ္ပားတောင်မြင့်ကြီးလည်း မရှိလေဘူး။ ငှက်ကလေးတွေလည်း တေးသီမနေကြဘူးလေ။ တဝေါဝေါ အသံမြည်ပြီး အပြင်း မောင်းနှင်နေကြတဲ့ မော်တော်ကားသံတွေနဲ့ တိုက်ခေါင်မိုး အမြင့်ကြီးရဲ့ တစ်ခုအပေါ်မှာ ဖေဖေ လွမ်းနေရတာပါ။ 'အား' ခနဲ အသံမြည်ပြီး အမှတ်တမဲ့ ထိုးဆင်းလာတဲ့ ကျီးကန်းတစ်ကောင်သာ ဖေဖေ တွေ့ရှိပြီး အလန့်တကြား ပျံပြေးသွားလေရဲ့။

ဖေဖေ့ရဲ့ ကိစ္စဝိစ္စတွေ အတန်အသင့် ဆောင်ရွက်ပြီးပါပြီ။ ပေးစရာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိတဲ့ စာမူတွေလည်း ပေးပြီးပါပြီကွယ်။ လွတ်လပ်ရေးနေ့အတွက် သမီး ပြိုင်ပွဲဝင်ခဲ့တဲ့ ကဗျာလေးကိုလည်း သမီးရဲ့ ဆန္ဒအတိုင်း ဒီနေ့ နေ့လယ်ကပဲ မဂ္ဂဇင်းတိုက်ကို ပို့ပြီးပါပြီ။ ကိစ္စတော်တော်များများ ဆောင်ရွက်ပြီးပေမဲ့ အဓိက လာရင်းဖြစ်တဲ့ ကိုဝင်းမင်းထွေးနဲ့တော့ မတွေ့ရသေးဘူး။ သူ ရွှေဘိုဘက် ခရီးထွက်သွားတယ်လို့ ကိုရဲ (တေးသံသွင်း) က ပြောတယ်။ ဘယ်နှရက်ထိ ကြာမယ်ဆိုတာ မသိသေးဘူး။ ဒါကြောင့် ဖေဖေ ဘယ်ရက် ပြန်လာမယ်ဆိုတာလည်း မသိသေးဘူးပေါ့ကွယ်။

ကိုယ့်ကိစ္စနဲ့ ကိုယ်ဆိုတော့ ဦးစိမ်းနီတို့ အိမ်ကိုတောင် မရောက်ဖြစ်သေးဘူး။ အခါတိုင်း သူ့အိမ်မှာ တည်းဖြစ်တာများတယ် မဟုတ်လား။ အတူလာကြတဲ့ ကိုသင်းပန်တို့၊ ကိုခင်အောင်ဝင့်တို့၊ ကိုအောင်ဘညိုတို့နဲ့အတူ သူ့အခန်းကို လိုက်သွားခဲ့တာလေ။ အဝတ်အစားတွေကတော့ သူ့အခန်းမှာပဲ။ ဒါပေမဲ့ ရေမိုးချိုးပြီး ထွက်လာတာ ရောက်တဲ့နေ့ကတည်းက သူ့အခန်းကို ပြန်မရောက်တော့ဘူး။ ကိုကျော်စိုးဝင်းဆီမှာပဲ အိပ်ဖြစ်တယ်။ ကြုံတဲ့နေရာ ကြုံသလို အိပ်ဖို့ ရည်ရွယ်ချက်ရှိလေတော့ ဝတ်ထားတဲ့ အနွေးထည်ကြီးကိုလည်း ချွတ်မထားခဲ့ရဘူး။ နေ့လယ်နေ့ခင်းမှာလည်း ချွေးတရွှဲရွှဲနဲ့ အနွေးထည်ကြီးကို ဝတ်ထားရတယ်။ ညအတွက် အစိုးရိမ်ကြီးပြီး ဝတ်လာလို့သာ ထားရတာပါ။ ရန်ကုန်မြို့ကြီးက မန္တလေးလောက် မအေးသေးဘူး သမီးရဲ့။

ပြောရဦးမယ်။ လာရင်းကိစ္စထဲက တစ်ခုဖြစ်တဲ့ ဖြူး မိတ်ဆွေများ စာပေဆုပေးပွဲကိုလည်း ဒီဇင်ဘာ ၅ ရက်နေ့က တက်ဖြစ်ပါတယ်။ ပထမဆုံး ကျင်းပတဲ့ မနှစ်တုန်းကလည်း ဖေဖေ တက်ဖြစ်တာ သမီး အသိပဲ။ မိတ်ဆွေများ အသင်းမှာ တာဝန်ရှိကြတဲ့သူတွေက သူတို့ရဲ့ ရည်ရွယ်ချက်တွေကို ရှင်းပြလို့လည်း စိတ်ကြည်လင် ချမ်းမြေ့မိပါတယ်။ အခုနှစ်ပိုင်းတွေမှာ အကြိုက်ဆုံးကို ရွေးချယ်ပြီး ဆုပေးတာတွေ၊ အကြိုက်ဆုံးတွေကို ရွေးချယ်ပြီး စာအုပ်ထုတ်ကြတာတွေ တိုးပွားလာတာ သမီးလည်း အသိပဲနော်။ နိုင်ငံတော် အစိုးရက ပေးတဲ့ ဆုတွေအပြင် ပြင်ပ စာပေလောကက ပေးကြတဲ့ တစ်ဦးချင်း ဆုတွေ၊ အသင်းအဖွဲ့ ဆုတွေ၊ ပြိုင်ပွဲတွေနဲ့ တက်ကြွလှုပ်ရှားနေတာ မြန်မာ စာပေလောကအတွက် အားတက်စရာ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့ သမီးရယ်။

အဲဒီနေ့က ဖေဖေ့မိတ်ဆွေ မောင်သစ်ဆင်းတို့၊ သမီးတို့ရဲ့ ဦးဦး အော်ပီကျယ်တို့ ဆုယူကြတော့ ဂုဏ်ယူဝင့်ကြွားစွာ ဖေဖေ လက်ခုပ်တီး မိတာပေါ့။ အဲဒီပွဲမှာ ဆရာကြီး ဦးတက်တိုး၊ ဆရာကြီး ပါရဂူ စတဲ့ ဆရာကြီးတွေ အမှာစကား ပြောကြတယ်။ ဖေဖေတို့ကို ကားနဲ့ တင်ခေါ် သွားတဲ့သူကတော့ အဲဒီပွဲမှာ အခမ်းအနားမှူးလုပ်ဖို့ အစီအစဉ် ဆွဲထား ကြပေမဲ့ (တစ်စုံတစ်ရာကြောင့်) ကိုယ်တိုင်ကပဲ ပယ်ဖျက်ပေးဖို့ တောင်း ဆိုတာနဲ့ အစီအစဉ် ပြောင်းလိုက်ရတယ်။

ဝတ္ထုတိုဆုရတဲ့ တာရာမင်းဝေတို့၊ ကဗျာဆုရတဲ့ ဝင်းမြင့်တို့ကို တော့ ဖေဖေ အခုမှ မြင်ဖူးတာပါ။ အနုပညာလောကထဲကို အရှိန်အဟုန် ပြင်းပြင်းနဲ့ ချီတက်လာတဲ့ လူငယ်တွေပဲ။ သူတို့ရေးတဲ့ ကဗျာတွေ၊ ဝတ္ထု တိုတွေကို ဖေဖေ တအားကြိုက်တာပေါ့။ ဒါပေမဲ့ သူတို့နဲ့တော့ တွေ့ဆုံ မိတ်ဆက်ပြီး စကားမပြောဖြစ်ခဲ့ပါဘူး။ အဲဒီပွဲနေ့က ဆရာမကြီး ဒေါ်ခင် ဆွေဦး အပါအဝင် ဖေဖေ့ရဲ့ သိပ္ပံကျောင်းဟောင်း စာရေးဆရာမတွေ နဲ့လည်း တွေ့ရပါတယ်။ ဖေဖေ လေးစားမြတ်နိုးတဲ့ ဆရာမ မအိနဲ့လည်း တွေ့ဆုံ သိကျွမ်းဖြစ်ခဲ့ရပါတယ်။ သူနဲ့ နောက်တစ်ကြိမ် ပြန်တွေ့ကြဖို့ ပြောဆိုဖြစ်ခဲ့ပေမဲ့ အခုထိတော့ မတွေ့ဖြစ်ကြသေးဘူး။

သမီးရေ ... သမီး မှာလိုက်တဲ့အတိုင်း ဖေဖေ အရက်တွေ လျှော့ သောက်ပါတယ်။ အခု သည်စာ ရေးရင်း ဟိုခပ်ဝေးဝေးက ရွှေတိဂုံစေတီ တော်မြတ်ကြီးကို လှမ်းမျှော် ဖူးမြော်ကြည်ညို သဒ္ဓါပွားနေမိတယ်။ အနီး အနားမှာပဲ တည်ရှိနေတဲ့ မဟာဝိဇယ စေတီကြီးကိုရောပေါ့။ စေတီကြီး နှစ်ဆူဟာ တကယ်တမ်း အနီးအဝေး တည်ရှိနေတာက ရွှေတိဂုံစေတီကြီး က အနည်းငယ် ပိုဝေးတာပေါ့။ ဖေဖေတို့ မန္တလေးစကားနဲ့ ပြောရရင် ရွှေတိဂုံစေတီကြီးက ပိုပြီး မြောက်ဘက်ကျတယ်။ ပိုဝေးတယ်။ ဒါပေမဲ့ အကြီးအသေး ကွာခြားမှုဟာ အနီးအဝေးကို ထင်ယောင်ထင်မှား ဖြစ် စေနိုင်တယ် မဟုတ်လား။ ဖေဖေ့စိတ်ထဲမှာ မဟာဝိဇယ စေတီကြီးကပဲ ပိုပြီး ဝေးတယ်လို့ ထင်နေမိတယ်။ ကိုကျော်စိုးဝင်းတို့၊ စိုးဝင်းငြိမ်းတို့နဲ့ မကြာခဏ ငြင်းခုံမိတယ်။ နောက်ဆုံးတော့ ဖေဖေပဲ ရှုက်ရှက်နဲ့ ဝန်ခံ

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ရတယ်။ ရန်ကုန်ကို မကြာခဏ ရောက်ဖြစ်ပေမဲ့ မဟာဝိဇယ စေတီတော်ကြီးကို တည်ပြီးမှ ဘုရားကို တစ်ခေါက်မှ မရောက်ဖြစ်ကြောင်း သူတို့ သိသွားတာပေါ့။ အခုတစ်ခေါက်မှပဲ ရောက်ဖြစ်တော့တယ်။

အနီးအနားမှာပဲရှိနေတဲ့ ဆူးလေ စေတီတော်ကြီးကိုလည်း အခုအခေါက်တော့ အေးအေးဆေးဆေး ဖူးဖြစ်ပါတယ်။ ဖေဖေက သတင်းစာဆရာကြီး ဦးသိမ်းမောင် ရေးတဲ့ ရန်ကုန် ရာဇဝင်သမိုင်းတို့ ရှေးခေတ် ရန်ကုန်အကြောင်း ဆောင်းပါးတွေနဲ့ အခြား ရန်ကုန်နဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းအချို့ အပါအဝင် တော်တော်များများကို ဖတ်ဖူးထားလေတော့ ရန်ကုန်မြို့ကြီးကို ရောက်တိုင်း အထူးသဖြင့် ဆူးလေ စေတီတော်ကြီး အနီးတစ်ဝိုက်ကို ရောက်တိုင်း သည်နေရာဟာဖြင့် ရှေးက ရန်ကုန်မြို့ရဲ့ အစွန်အဖျား၊ သည်နေရာတွေဟာဖြင့် ရှေးက အလောင်းဘုရားကြီး တည်ခဲ့တဲ့ ရန်ကုန်မြို့ဧရိယာ စသဖြင့် မှန်းဆကြည့်မိတတ်တာ အကျင့်တစ်ခုလို ဖြစ်နေပါပြီ။ ရှေးက ရိုက်ကူးထားတဲ့ ဓာတ်ပုံတို့၊ ပန်းချီကားတို့ကို မြင်ရလေတိုင်း သည်နေ့ခေတ်မှာ တွေ့မြင်ရတဲ့ ရန်ကုန်မြို့ကြီးနဲ့ နှိုင်းယှဉ်ပြီး တအံ့တသြ ဖြစ်မိတာပေါ့။ ဖေဖေတို့ မန္တလေးမြို့ကြီးလည်း သည်အတိုင်းပါပဲ။ တကယ်တော့ ကမ္ဘာပေါ်မှာရှိတဲ့ မြို့ကြီးတွေ၊ ရွာကြီးတွေဟာလည်း သည်အတိုင်းပါပဲ။ တချို့ဟာ ပျက်စီး တိမ်ကောသွားကြတယ်။ တချို့ကတော့ တိုးတက် ထွန်းကားလာကြတယ်။ ကမ္ဘာကြီးဟာ မီးတစ်ကြိမ်၊ ရေတစ်ကြိမ်၊ လေတစ်ကြိမ် အလှည့်ကျ ဖျက်ဆီးခံရပြီး အသစ်အသစ် ပြန်လည်ဖြစ်ထွန်းလာခြင်း ဖြစ်တယ်လို့ ဆိုတယ်။ ဒါဟာတော့ ကပ်ကမ္ဘာ တစ်ခုတစ်ခုရဲ့ ပျက်သုဉ်းခြင်းနဲ့ ပြန်လည် ဖြစ်ထွန်းလာခြင်းပေါ့။ ဒီလို ရှည်လျားတဲ့ ကပ်ကမ္ဘာတစ်ခုတစ်ခုရဲ့ အစနဲ့ အဆုံးကြားမှာ အသေးစား သင်္ခါရဓမ္မကို ဖော်ပြနိုင်ဖို့ကိုတော့ လူတွေဟာ မြို့တွေ၊ ရွာတွေ၊ နိုင်ငံတွေကို တည်ထောင်ကြတယ်။ ပြီးတော့ အဲဒီ မြို့တွေ၊ ရွာတွေ၊ နိုင်ငံတွေကို ဖျက်ဆီးပစ်ဖို့ စစ်ပွဲတွေကို ဖန်တီးကြပြန်တယ်။

လူတစ်ယောက် သေသွားတာ၊ မြို့ကြီးတစ်မြို့၊ ရွာကြီးတစ်ရွာ ပျက်စီး ပျောက်ကွယ်သွားတာကို ဖေဖေတို့ စောင့်ကြည့်နိုင်တယ်။ တောင်

mgyoe.com

mgyoe.com SAMPLE BOOK

တန်းကြီးတစ်ခု ပျက်စီး ကြေမွသွားတာကိုတော့ ဖေဖေတို့ စောင့်မကြည့်နိုင်ဘူးပေါ့ကွယ်။ ဒါပေမဲ့ အဲဒီ တောင်တန်းကြီးတွေဟာလည်း ပျက်စီးကြေမွသွားရမှာပဲ။ ဆုံးစ မထင်တဲ့ ပင်လယ်သမုဒ္ဒရာကြီးနဲ့လည်း တွေ့ဖို့ ချိန်းထားတယ်။ ဗိုလ်ကြီးဆိုတာ ကဗျာဆရာကြီး မောင်သင်းခိုင်ပေါ့။ သမီး မှတ်မိတယ် မဟုတ်လား။ ဟိုတစ်နှစ်တုန်းက အိမ်မှာတောင် အိပ်သွားသေးတယ်လေ။ မမွေးနဲ့ ထပ်တွေ့ပြီး ပြောစရာလည်း ရှိသေးတယ်။ ကိုချစ်ဝင်းမောင်ဆီကိုလည်း သွားရဦးမယ်။

ဩော် ... သမီးရေ၊ ရန်ကုန်ကိုသွားခါနီး သမီး ပြောလိုက်တဲ့ စကားတစ်ခွန်းနဲ့ တိုက်ဆိုင်တာတစ်ခု ပြောရဦးမယ်။ ဆံပင်နက်ဆေး ဆိုးသွားပါဦးလား ဖေဖေလို့ သမီး ပြောလိုက်တယ် မဟုတ်လား။ ရန်ကုန်ကို ရောက်ပြီး နောက်တစ်ရက် မိတ်ဆွေများ ဆုပေးပွဲနေ့ကလည်း ဖေဖေ့ရဲ့ မိတ်ဆွေ စာရေးဆရာမလေး တစ်ဦးက ဖေဖေ့ကို နောက်သေးတယ်။ ဆံပင်အဖွေးသားနဲ့ ဂန္ဓဝင် အဆွေးသမားကြီး ဦးပိုင် ဒီတစ်ခါ ဘာဖြစ်လို့ ဆံပင်နက်ဆေး မဆိုးခဲ့တာလဲတဲ့။ ဖေဖေ့ ကဗျာထဲမှာ အဲဒီလို ရေးခဲ့ဖူးလို့ သူက နောက်တာပါ။ ဖေဖေက ပြန်ပြောလိုက်တယ်။ ဆံပင်အနက်သားနဲ့ဆိုရင် ဂန္ဓဝင် အရက်သမားကြီး ဖြစ်နေမှာ စိုးလို့ပါကွာလို့။

သမီးလည်း စာမေးပွဲ နီးပြီနော်။ သမီး ရှစ်တန်းရောက်ပြီဖြစ်တဲ့ အကြောင်း၊ စာကြိုးစားကြောင်း၊ လိမ္မာကြောင်း ဖေဖေ့မိတ်ဆွေတွေကို ပြောပြမိပါတယ်။ မကြာခင် ဖေဖေ ပြန်လာနိုင်မှာပါ။ အခုတော့ ဒီတိုက်ခေါင်မိုးကြီးပေါ်ကပဲ ရန်ကုန်မြို့ကြီးကို မျှော်ကြည့်လိုက်၊ သမီးတို့ကို လွမ်းလိုက်နဲ့ပေါ့ကွယ်။ သမီးတို့ကို လွမ်းရင်း ဖေဖေ ဒီစာကို ရေးနေမိတယ်။ ဖေဖေ ရေးဖြစ်တဲ့ ကဗျာဟာ ဘယ်လိုအကြောင်းအရာမျိုး ဖြစ်မယ် ထင်သလဲဟင်။ သမီး စဉ်းစားနိုင်ပါ့မလား။ တကယ်တော့ ဖေဖေ့ နှလုံးသားနဲ့ အနီးဆုံးအရပ်မှာ ရှိနေတဲ့ သမီးဟာ ဖေဖေ့ ခံစားချက်တွေ၊ ဖေဖေ့ နာကျင်မှုတွေကို သိနေပြီးသားပဲကွယ်။ လွယ်လွယ်ကလေး ခန့်မှန်းနိုင်မှာပါ။ ကိုယ့်ဆီရောက်လာတဲ့ သူများရဲ့ဒုက္ခ ဆိုတာလည်း ကိုယ့်ဒုက္ခပဲဆိုတာ သမီး သိခွင့်ရခဲ့ပြီ။ ရသ ပျက်ရတဲ့ ညတွေမှာ သီချင်းမဟုတ်တာတွေကို သီချင်းလုပ်လုပ်ပြီး ဖေဖေ ဆိုနေခဲ့ရတာ သမီး သိခဲ့ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ယားယံတတ်တဲ့ အရေပြားတွေဆိုတာ ငွေနဲ့ ဖြားယောင်းဖို့ အလွယ်လေးပဲ ဆိုတာ ဖေဖေ့ဘဝ အတွေ့အကြုံတွေကတစ်ဆင့် သမီး သိခွင့်ရခဲ့ပြီ။ အဲဒီကဗျာလေး ရေးပြီးလို့ မနေ့ကပဲ ကိုကျော်စိုးဝင်းကို ပေးလိုက်တယ်။

ကိစ္စရှိတဲ့အခါ နေ့လယ်နေ့ခင်းတွေမှာ အပြင်ထွက်ပေမဲ့ ညမှာတော့ သည်လမ်း ၁၀ မှာပဲ အိပ်ဖြစ်တာ များပါတယ်။ ဒီ့အရင် အခေါက်တွေတုန်းကတော့ သည်လို ဘယ်ဟုတ်လေမလဲ။ ကြုံတဲ့လူနဲ့ လိုက်အိပ်တာပဲ။ သန်းဝင်းထွတ်တို့၊ နေဇော်နိုင်တို့၊ သန်းဌေးမောင်တို့နဲ့ လိုက်ပြီး တစ်ညလုံးပဲ ဖေဖေက ကဗျာတွေရွတ်၊ သူတို့က ဂစ်တာတစ်လက်နဲ့ အသံလိုက်ထည့်ပြီး တီးကြဆိုကြတယ်။ ခင်အောင်အေးတို့၊ ဆန်းထွန်းသောင်တို့နဲ့ လိုက်ပြီး တစ်ညလုံး ထိုင်စကားပြောကြတယ်။ အောင်ဘညိုတို့၊ လူထွန်းတို့နဲ့ အချိန်ကုန်အောင် အရက်ဆိုင်မှာ ထိုင်ပြီး အိမ်ပြန်ရောက်တော့ ကိုစိမ်းနီနဲ့ ငြင်းကြခုံကြတယ်။ ကန္တာရ ဦးဘုန်းမြင့်ကြီးကိုလည်း သမီး သိတယ်နော်။ သူနဲ့ တွဲပြီးတော့လည်း ရောက်တဲ့နေရာမှာ အိပ်ချင် အိပ်ကြတယ်။ သမီးတို့နဲ့ တအား ရင်းနှီးပြီးဖြစ်တဲ့ အန်တီ ညိုညိုတင်လှနဲ့ အန်တီ စုထားတို့ဆီကိုတော့ ဖေဖေ မရောက်ဖြစ်သေးဘူး။

အခုတစ်ခေါက်မှာတော့ ဖေဖေ့ ခံစားချက်တွေဟာ အရင်အခေါက်တွေနဲ့ မတူဘဲ ပြင်းထန်နေတယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ရန်ကုန်မြို့ကြီးကို ရောက်ဖူးစ နှစ်တွေနဲ့ ခံစားချက်တွေ ပိုတူနေတယ်။ အဲဒီနှစ်တွေတုန်းကတော့ ရန်ကုန်မြို့ကြီးဟာ ဖေဖေ့အပေါ် ခပ်စိမ်းစိမ်းကြီး စိုက်ကြည့်နေသလိုပဲ။ အသိမိတ်ဆွေလည်း သိပ်မရှိဘူး။ မနက်လင်းလာရင် နေမင်းကြီးဟာ သူ ထွက်ချင်တဲ့ဘက်က ထွက်တာပဲ။ နေ့လယ်နေ့ခင်းတွေမှာ မြို့လယ်ကောင်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ တစ်ယောက်တည်း ကုတ်ထိုင်နေရတယ်။ မှောင်ရီပျိုးပျရောက်ပြီဆိုရင်တော့ ဆင်ခြေဖုံး မြို့ငယ်ကလေးဆီ တစ်ယောက်တည်းသော ကိုယ့်မိတ်ဆွေရှိရာ (သူ ပြထားတဲ့ ဘတ်စ်ကားမှတ်တိုင်ကတစ်ဆင့် သူ ပြထားတဲ့ ဘတ်စ်ကား စီးပြီး) ပြန်ရတာပေါ့။ အဲဒီနှစ်တွေတုန်းကတော့ ရန်ကုန်မြို့ကြီးဟာ ဖေဖေ့အဖို့ ပြင်သစ်ပြည်ကို ရောက်လာစ ပန်းချီဆရာပေါက်စလေး တစ်ယောက်လိုပဲပေါ့။ အရာရာဟာ လေးနက် ရှင်သန်ခဲ့တယ်။ စာပေလောက

mgyoe.com

mgyoe.com SAMPLE BOOK

ကြီးအပေါ် အာရုံငါးပါးစလုံး နှစ်မြှုပ်ထားမိတဲ့အတွက် သမ္မတရုံဆိုတာ ဘယ်နားရှိမှန်း မသိခဲ့ဘူး။ နောက်တော့ ကိုညိုသစ်တို့၊ ကိုစံသာတို့နဲ့ ခင်မင်ရင်းနှီးခဲ့ရတယ်။

အခု အလွှာကိုးခုရှိတဲ့ တိုက်ကြီးရဲ့ ခေါင်မိုးပေါ်မှာထိုင်ပြီး ရန်ကုန်မြို့ကို ရောက်ဖူးခါစ ဟိုးရှေးတုန်းက နှစ်တွေ၊ မကြာသေးခင်က နှစ်တွေအကြောင်း ပြန်တွေးရင်း ဖေဖေ သမီးတို့ကို တမ်းတနေမိပြန်တယ်။ တစ်ခါတစ်ခါလည်း တိုက်ခေါင်မိုးပေါ်က အောက်ပြန်ဆင်းပြီး စိုးဝင်းငြိမ်းတို့၊ ကိုဇော်ကြီးတို့၊ ဖိုးသောင်းတို့၊ ကေကေတို့နဲ့ စကားပြောတဲ့အခါ ပြောပေါ့။ ဆေးလိပ်သောက်တဲ့အခါလည်း သောက်ပေါ့။ ခဏတစ်ဖြုတ် စာလေး ဘာလေး ဖတ်ပေါ့။ စာဖတ်ပြီး ခေါင်မိုးပေါ် ပြန်တက်ခဲ့ပြန်တယ်။ သမီးတို့အကြောင်း တွေးပြန်တယ်။ ရန်ကုန်မြို့ကြီးကို ကြည့်ပြန်တယ်။

နေ့လယ်နေ့ခင်း မြို့ထဲကို ထွက်စရာမရှိတဲ့ နေ့တိုင်းပဲ သည်တိုက်ခေါင်မိုးကြီးပေါ်မှာ ဖေဖေ ထိုင်ဖြစ်တာပါပဲ။ တိုက်ခေါင်မိုးကြီးပေါ်က ဖေဖေ အောက်ပြန်ဆင်းလာတဲ့အခါတိုင်း စိုးဝင်းငြိမ်းတို့၊ ဖိုးသောင်းတို့တစ်တွေက သူတို့ရဲ့ ဗိုက်ဘုတ်ပေါ်မှာ ဖေဖေ့ကို နောက်ပြောင်ပြီး ဖေဖေ ရေဖူးတဲ့ ကဗျာတွေထဲက စာပိုဒ်တွေကို ရေးရေးထားတာ တွေ့ရတတ်တယ်လေ။

*ရှမ် ဆိုတဲ့ ပုလင်းထဲမှာ ရှမ် မဟုတ်တာတွေ ထည့်ထားမှတော့ ငါ့ဘဝထဲ ဘဝမဟုတ်တာတွေ ထည့်ထားတာ ဘာမှ မဆန်းတော့ဘူး။*

*မူးပြီးမှ ငါ ရောက်လာတော့ မင်းတို့ကို ငါ မသိ၊ ငါ့ကိုယ်ငါလည်း ငါ မသိ။*

*အာဏာရဲ့ ဗဟိုချက်မဟာ မြေထဲပင်လယ် တစ်ဝိုက်ကနေပြီး ဥရောပတိုက်ဆီ တရွေ့ရွေ့ ရောက်လာရသလိုမျိုး စာပေလောကရဲ့ ဗဟိုချက်ဟာ ပိုင်စိုးဝေဆီ ရောက်လာခဲ့ပါပြီ။*

*ပင်လယ်လှိုင်းနဲ့၊ မုန်တိုင်းရဲ့ ဆူညံမှုထဲ ငါ့အလင်းရောင်၊ ငါ့အမှောင်ထု၊ ငါ့အသံနဲ့ ငါ့အမှန်တရား၊ ငါ့ရဲ့စားကို ငါ မြှုပ်ထားရဲ့။* ■

mgyoe.com

mgyoe.com SAMPLE BOOK

## လင်းနို့၏မှတ်စု

သမီးကို ဖေဖေ ပိုင်ဆိုင်ခွင့် မရှိတော့ဘူးလို့ သူတို့က ဆုံးဖြတ်လိုက်ကြတယ်။ ဖေဖေ့ရဲ့ ထိန်းချုပ်မှုအောက်မှာ သမီး မရှိသင့်ဘူးတဲ့။

မတရားဘူး။ ဒါဟာ မတရားဘူး။

မတရားဘူး။ မတရားဘူး။

ဖေဖေ့ ရင်ထဲ အော်ဟစ် တောင်းဆိုနေပေမဲ့ ဖေဖေ့ တစ်ကိုယ်လုံးကတော့ တုန်လှုပ် ယိမ်းခါပြီး ပြိုလဲကျမသွားအောင် အနိုင်နိုင် ထိန်းထားခဲ့ရတယ်။

ငိုနေသလား။ သမီး ငိုနေသလားဟင်။

အို ... မငိုဘူး။ သမီး ငိုမနေဘူး။ မငိုတဲ့အပြင် ဖေဖေ့ကို စိမ်းကားရက်စက်တဲ့ မျက်လုံးတွေနဲ့ ကြည့်လို့။ ဖေဖေ သိပါပြီကွယ်။ ဖေဖေ့ကို မုန်းတီးဖို့ သူတို့ သင်ကြားထားပြီပဲ။ သူစိမ်းဆန်တဲ့ မျက်လုံးတွေနဲ့ ဖေဖေ့ကို ကြည့်ပြီး လိုက်ပါသွားတဲ့ သမီးမျက်နှာကို မကြည့်ရဲလို့ ဖေဖေ မျက်စိနှစ်လုံးကို စုံမှိတ်ပြီး တစ်ယောက်တည်း ကျန်ရစ်ခဲ့ရတယ်။

ဖေဖေ့ ဘဝထဲမှာ သမီး မရှိတော့ဘူး။

ကိုယ့်မွေးရပ်မြေကို တစ်ခေါက်တစ်ခါမှ ပြန်မရောက်ဖြစ်တဲ့ လူ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်လို ကိုယ့်အသည်းကို တစ်ကြိမ်တစ်ခါမှ ငုံ့မကြည့်မိတဲ့ ဖေဖေဟာ သမီးကို ဆုံးရှုံးရပါပေါ့လားဆိုတဲ့ ကြေကွဲမှုကို ပိုင်ဆိုင်ရတဲ့ အခါကျမှ ဖေဖေ့နှလုံးသားကို ဖေဖေကိုယ်တိုင် ပြန်ကြည့်မိတော့တယ်။ သမီးဟာ ဖေဖေ့ဘဝရဲ့ အလင်းရောင်၊ ဖေဖေ့ဘဝရဲ့ အနာဂတ်ကာလ၊ ဖေဖေ့ဘဝရဲ့ မျှော်လင့်ချက် အားလုံး။ သမီး မရှိတော့တဲ့ အချိန်မှာ ဖေဖေ့ဘဝဟာ အလင်းရောင် မရှိတော့ဘူး။ အနာဂတ် မရှိတော့ဘူး။ မျှော်လင့်ချက် မရှိတော့ဘူး။ သစ်ပင်တွေရဲ့ လှုပ်ခါမှုကို ကြည့်ပြီးမှ လေဟာ သူ့ကိုယ်သူ တကယ်ရှိနေပါလားဆိုတာ သိနိုင်သလို သမီး မရှိဘဲ ဖေဖေ့ကိုယ်ဖေဖေ ဘယ်လိုလုပ်ပြီး ပြန်မြင်နိုင်မှာလဲကွယ်။

ဒါပေမဲ့ သမီးရေ ... အမြဲတမ်းလိုပဲ တလွဲ ဆံပင်ကောင်းတတ်တဲ့ ဟောဒီလောကကြီးဟာ ဘယ်တုန်းကမှ ဖေဖေနဲ့ သဟဇာတ မဖြစ်ခဲ့တာမို့ ဖေဖေ့နှလုံးသားဟာ ဆုံးရှုံးမှုတွေ အားလုံးအတွက် ပြင်ဆင်ပြီးသားပါကွယ်။ အားလုံး ဆုံးရှုံးသွားပေမဲ့ ယုံကြည်မှုတစ်ခုနဲ့ ကိုယ့်ကိုယ်ကိုယ် ရူးသွပ်မသွားအောင် ခိုင်မာတဲ့ စိတ်ဓာတ်တစ်ခု ကျန်ရှိနေသေးတဲ့အတွက်ကိုပဲ ဖေဖေ့ကိုယ်ဖေဖေ ဂုဏ်ယူမိတော့တယ်။

* * *

မြနှင်းဝေ ... လူတစ်ယောက်ဟာ ပန်းပွင့်တစ်ပွင့် မဟုတ်နိုင်ဘူး။ ဒါပေမဲ့ ငါ့သမီးဟာ ပန်းကလေးတစ်ပွင့်။ လူတစ်ယောက်ဟာ မောင်းချဓားတစ်ချောင်း မဟုတ်နိုင်ဘူး။ ဒါပေမဲ့ မင်းကတော့ ငါ့ဘဝထဲကို ထိုးစိုက်နေတဲ့ မောင်းချဓားတစ်ချောင်း။ လူတစ်ယောက်က မီးလျှံတစ်ခု မဟုတ်နိုင်ဘူး။ ဒါပေမဲ့ မင်းကတော့ ငါ့နှလုံးသားကို လောင်ကျွမ်းစေတဲ့ မီးလျှံ။ ငါ့နှလုံးသားကတော့ မီးလောင်နေတဲ့ တောင်တန်း။ ငါ့တစ်ကိုယ်လုံးဟာ မင်း ကျွေးသမျှ မီးလျှံတွေကို စားနေရတဲ့ သံတွေခဲတစ်ခု။

မြနှင်းဝေ ... အချစ်အတွက် အသက်ကို စွန့်ခဲ့ကြသတဲ့။ ဘုရားသခင်အတွက်၊ ဘုရင်မင်းမြတ်အတွက်၊ ယုံကြည်မှုအတွက် လူတွေအတွက် အသက်ကို စွန့်ခဲ့ကြသတဲ့။ ဒါပေမဲ့ မြနှင်းဝေ ... မင်းနဲ့ ပတ်သက်လို့တော့ စက္ကန့်တိုင်းကိုပဲ ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့တဲ့ ငါပါ။ မင်း ပူဆွေးသောကရောက်နေရပါတယ်ဆိုတဲ့ အချိန်မျိုးမှာတောင် မင်းရဲ့ အလိုရှိမှုကို

mgyoe.com

mgyoe.com SAMPLE BOOK

ကို ငါ အသေအချာ မြင်နိုင်ခဲ့ရဲ့။ အသည်းနှလုံးရဲ့ ကျန်းမာပျော်ရွှင်မှု အတွက်သာ အချစ်ဆိုတာ မွေးဖွားလာနိုင်တယ်လို့ ငါ ယုံကြည်တယ်။ အခြား ဘာအတွက်မှ မဖြစ်နိုင်ဘူး။

လူမှုအဖွဲ့အစည်းတစ်ခုကို ပေါင်းကူး ဆက်သွယ်ဖို့အတွက် အချစ်ဟာ မွေးဖွားမလာနိုင်ဘူး။ နားလည် လိုက်လျောမှုတစ်ခုနဲ့လည်း အချစ်ဟာ မွေးဖွားမလာနိုင်ဘူး။ အပေးအယူပုံစံမျိုးနဲ့လည်း အချစ်ဟာ မွေးဖွား မလာနိုင်ဘူး။

မင်းဟာ ငါ မဖြစ်နိုင်သလို ငါဟာလည်း မင်း မဖြစ်နိုင်ဘူး။ ဒါပေမဲ့ တို့နှစ်ဦး ပေါင်းစပ်ခဲ့ကြတယ်။ အခြေခံ မတူတဲ့သူ နှစ်ဦးအဖို့ ပိုပြီး နီးစပ်လာရခြင်းကိုက ပိုပြီး ဝေးကွာစေဖို့ပဲဆိုတာ ငါ သဘော ပေါက်ခဲ့ပြီ။

* * *

ကလေးဘဝနဲ့ လူကြီးဘဝဆိုတာ အဝေးကြီးပါလား ဖေဖေ။

သမီး မေးခဲ့ဖူးတဲ့ မေးခွန်းကိုပဲ ဖေဖေ့ရင်ထဲမှာ ထပ်ကာထပ်ကာ ပြန်ကြားနေမိတော့တယ်။ ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ပဲဖြစ်ဖြစ် ဖေဖေ ဆက်ပြီး အသက်ရှင်ဖို့ လိုအပ်ခဲ့ပြီဆိုတာ နားလည်ခဲ့ရပြီ။ လောကကြီးမှာ သူများနေသလို နေလိုက်ရုံပဲပေါ့ဆိုပြီး ဘာကိုမှ ဖက်တွယ်စရာမရှိတဲ့ လူတွေကြားမှာ သမီးကို ဖေဖေ မထားရစ်နိုင်ဘူး။

သမီးရေ ... ဖေဖေကတော့ အမြဲတမ်းကိုပဲ အနာဂတ်ကို ဆုတ်ဆုတ်ပြီး ရပ်နေရတဲ့ လူတစ်ယောက်ပါကွယ်။ ဘာဂုဏ်သတင်းမှလည်း မကျန်ရစ်ခဲ့ဘဲ၊ ငိုမယ့်သူလည်း မရှိဘဲ တိတ်တိတ်ကလေး သေသွားရင်လည်း ဖေဖေ ဝမ်းမနည်းလှပါဘူး။ နာမည်ပျက်တွေ၊ အကြွေးတွေပဲ ကျန်ချင် ကျန်ရစ်ခဲ့မှာပေါ့။

တောင်ပေါ်ကို တက်ရခြင်းဟာ ခက်ခဲသလို တောင်ပေါ်က ဆင်းရခြင်းဟာလည်း ခက်ခဲတာပဲပေါ့။ လူတစ်ယောက် ဘယ်လို အသက်ရှင်နေထိုင်ခဲ့တယ်ဆိုတာ အရေးကြီးသလို ဘယ်လို သေဆုံးခဲ့တယ်ဆိုတာလည်း အရေးကြီးတာပါပဲကွယ်။

ဖေဖေ့ရဲ့ နှလုံးသားရာဇဝင် မြစ်ကျဉ်းတစ်လျှောက်မှာ ကောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကျစ် စဥ်းလဲသူတွေသာ ပေါလောမျောနေခဲ့တယ်။ ခဏတစ်ဖြုတ်လေး ရပ်တန့်ပြီး အနာဂတ်ကို မျှော်ကြည့်လိုက်တဲ့အခါမှာလည်း မြူတွေက ဝေ့ဆိုင်းလို့။ ဒီအချိန်မှာ ကမ္ဘာကြီးပေါ်က အခြားအရာတစ်ခုခုကိုလည်း ဖေဖေ့မှာ အောက်မေ့ အမှတ်ရနိုင်ခွင့် ရှိတာပဲမဟုတ်လား။ ဖေဖေ့ကိုယ်ခန္ဓာမှာ အခါမလပ် အတိဒုက္ခကို အပြည့်အဝ ခံစားခွင့်မပေးခဲ့ဘူး။ အဲဒီဒုက္ခထဲက လွတ်မြောက်အောင် ပျံသန်းနေတဲ့ ငှက်တစ်ကောင်ပဲ ဖြစ်လိမ့်မယ်။ ဖေဖေ့နှလုံးသားရဲ့ အငွေ့အသက်တွေ ဖေဖေ နေထိုင်ခဲ့တဲ့ ခေတ်အပေါ် စီးဝင်ပျံ့နှံ့သွားဖို့ရာ ဖေဖေ့တာဝန်ပဲ မဟုတ်လား။

အသိတရားတွေ ပြိုကွဲနေတဲ့ ခေတ်ကြီးထဲမှာ ဖေဖေ ပိုင်ဆိုင်တဲ့ ခြေနှစ်ဖက်ကို သည်ကမ္ဘာကြီးပေါ် ရပ်တန့်ခွင့်ရနေတာကိုပဲ ကံကောင်းလှပြီလို့ ဖေဖေတော့ ယုံကြည်တယ်။

* * *

မြနှင်းဝေ … လူ့သမိုင်းရဲ့ တိုးတက်မှုကို နားမလည်တဲ့လူ တစ်ယောက်တဲ့။ မင်းတို့က ငါ့ကို ရှုတ်ချခဲ့ကြတယ်။ လူ့သမိုင်းဟာ ဘယ်လောက်များ တိုးတက်ခဲ့သေးလို့လဲလို့ ငါ ပြန်မေးခဲ့တယ်။ လေးဖက်ထောက် သွားရာကနေပြီး အခုမှ မတ်တတ်ရပ်သွားနိုင်ရုံပဲ ရှိသေးတယ်။ ခါးကို နောက်ပြန်ကော့ပြီး တဖြည်းဖြည်း လက်နှစ်ချောင်းထောက်၊ တဖြည်းဖြည်း ခြေနှစ်ချောင်း မိုးပေါ်ထောင်ပြီး လက်နှစ်ဖက်နဲ့ လမ်းလျှောက်နိုင်တဲ့ အချိန်ကျမှ အစွမ်းကုန် တိုးတက်မှာပေါ့လို့ စိတ်ချဉ်ပေါက်ပေါက်နဲ့ ငါ ပြန်ပြောပစ်လိုက်တော့ မင်းတို့တစ်တွေက ငါ့ကို အရူးတဲ့။

ပိုက်ဆံကို အရူးအမူး ရှာ၊ မြေကွက်ကျယ်ကျယ်နဲ့ အိမ်အသစ်တစ်လုံး ထပ်ဆောက်၊ မင်္ဂလာဆောင်သွား။ ကလေးတွေအတွက် ဖိနပ်အသစ် ဝယ်ပေး။ စိတ်ပြေလက်ပျောက် ဘုရားဖူးထွက်။ ဗေဒင်မေး။ ဘောလုံးပွဲကြည့်တဲ့အခါ ကြည့်။ ဘုရားကိုးဆူ ကပ်တဲ့အခါ ကပ်။ ပါတီပွဲပေးပြီး တစ်ယောက်အတင်း တစ်ယောက်ပြော။ မှုးယစ်သောက်စားပြီး ငိုကြွေး။ အတိတ်က အမှားတွေကို ပြန်အောက်မေ့။ ဘုရားရှေ့မှာ အကြာကြီး ထိုင်ပြီး ဆုတောင်း။ အေးစက်နေတဲ့ စကားလုံးတွေနဲ့ တစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK
ကို တစ်ယောက် ကူညီအားပေး။ ဒါမှမဟုတ်ရင်လည်း အိမ်မှာ ထိုင်ပြီး လင်မယားချင်း ရန်ဖြစ်တဲ့အခါ ဖြစ်။ ဒါတွေပဲ မဟုတ်လား။ ဒါတွေဟာ မင်းတို့ ကျင်လည်နေတဲ့ လူ့သမိုင်းရဲ့ တိုးတက်မှုပဲမဟုတ်လား။ ဘယ်လို ဘာသာဗေဒနဲ့မှ မင်းတို့ရဲ့ ဖြစ်တည်မှုဘဝကို ငါ ရှင်းမပြနိုင်ခဲ့ဘူးလေ။

* * *

အမုန်းတရားဆိုတာ သေးသိမ်တဲ့ အတ္တတစ်ခုပါ။ ခွင့်လွှတ်ခြင်း ကတော့ ဖေဖေ့ရဲ့ ကြီးမြတ်တဲ့ မာနပါကွယ်။ ရိုးသားပြီး မာနကြီးတဲ့ လူတွေကို ဖေဖေ လေးစားတယ်။ စော်ကားခြင်းတွေကို မမှုတဲ့၊ တမင် သည်းခံနေရခြင်းမျိုးလည်း မဟုတ်တဲ့ ဥပေက္ခာတရားကိုသာ ဖေဖေ ပိုင်ဆိုင်ချင်တော့တယ်။

လူတစ်ယောက်ကို မိမိအလုပ်ပေါ်မှာ ဘယ်လောက်ထိ အလေး အနက် တန်ဖိုးထားသလဲဆိုတဲ့ အချက်နဲ့သာ ဆုံးဖြတ်သင့်တယ်လို့ ဖေဖေတော့ ယုံကြည်တယ်။ ကြီးမားတဲ့ ဒုက္ခဝန်ထုပ်တွေကို နှစ်ကာလ များစွာ ထမ်းဆောင်ထားရတဲ့ ကြားကပဲ စိတ်နှလုံး တည်ငြိမ်စွာနဲ့ ဖေဖေ မြတ်နိုးတဲ့ အနုပညာတာဝန်ကို ထမ်းဆောင်ထားနိုင်သေးတယ်ဆိုတာ ဖေဖေ့ကိုယ်ဖေဖေ ဂုဏ်ယူသင့်တဲ့အရာ မဟုတ်လား။ လူတိုင်းရဲ့ ဘဝဟာ တစ်ကြိမ်တစ်ခါတော့ ဆုံးရှုံးရတဲ့အချိန်မှာ ဘယ်လို အသက်ရှင် ရပ်တည် ခဲ့သလဲဆိုတာက အရေးကြီးဆုံးပါ။ သူတို့ကတော့ အနုပညာဆိုတာကို ဒုစရိုက်မှုတစ်ခု၊ အကုသိုလ်တရားတစ်ခု၊ အကျင့်ပျက်မှုတစ်ခုလို့ပဲ ယူဆ ကြတယ်။

သူတို့က ဆုံးဖြတ်ခဲ့ကြတယ်။ သမီးကို ဖေဖေ ပိုင်ဆိုင်ခွင့် မရှိဘူး တဲ့။ ဖေဖေဟာ တစ်ကိုယ်ကောင်းဆန်တဲ့ လူတစ်ယောက်၊ ဘဝမှာ မရေမရာ လွင့်မျောနေတဲ့ လူတစ်ယောက်၊ သမီးတစ်ယောက်ကိုမှ ဝအောင် ကျွေးနိုင်မှာ မဟုတ်တဲ့ လူတစ်ယောက်၊ သမီးရဲ့ အနာဂတ်ဘဝကို တာဝန် ယူနိုင်မှာ မဟုတ်တဲ့ လူတစ်ယောက်။ အဲဒီလို စွပ်စွဲချက်တွေနဲ့ ဖေဖေ့ ဘဝထဲက သမီးကို ဆွဲခေါ်သွားကြတယ်။

အခုအချိန်မှာတော့ သူတို့ရဲ့ စွပ်စွဲချက်တွေကို ဖေဖေ အမှန်တကယ် ပဲ ကျူးလွန်ခဲ့သလား၊ မကျူးလွန်ခဲ့ဘူးလားဆိုတာ သမီးကိုယ်တိုင် စဉ်း

mgyoe.com

mgyoe.com SAMPLE BOOK

စား ဆုံးဖြတ်နိုင်တဲ့အရွယ် မဟုတ်သေးဘူးဆိုတာ ဖေဖေ ယုံကြည်ပါတယ်။

ဖေဖေဟာ ဘာကိုမှ မအောင်မြင်သေးပေမဲ့ ဘာကိုမှ မဆုံးရှုံးသေးတဲ့ လူတစ်ယောက်ပါ။ သမီးကို ဆုံးရှုံးခဲ့ရတာက လွဲရင်ပေါ့လေ။ သူတို့က ဆုံးရှုံးခဲ့ပြီလို့ ယူဆတဲ့ အရာတွေမှာလည်း ဖေဖေဟာ အောင်မြင်မှုနဲ့ ဆုတ်ခွာခဲ့သူပါ။ သူတို့ တပ်မက်တဲ့ ငွေကြေးဓန ဆိုတာကိုလည်း ဖေဖေဟာ စွန့်ခွာနိုင်ခဲ့တယ်။ သူတို့ အထင်ကြီး တန်ဖိုးထားတဲ့ အရာရှိတစ်ယောက်ရဲ့ ဘဝကိုလည်း ဖေဖေဟာ စွန့်ခွာနိုင်ခဲ့တယ်။ အဲဒီဘဝတွေကို ဖေဖေ ဘာဖြစ်လို့ စွန့်ခွာခဲ့သလဲ။ သူတို့ နားလည်အောင် ဖေဖေ ရှင်းမပြနိုင်ခဲ့ဘူး။ ဖေဖေ မြတ်နိုးတဲ့ အနုပညာဘဝကို အပြည့်အဝ ဖက်တွယ်ဖို့ရာ အဲဒီအရာတွေကို စွန့်ခွာခဲ့တယ် ဆိုတာကိုလည်း သူတို့ ဘယ်လိုမှ နားမလည်နိုင်ကြဘူး။ ဒီလို စွန့်ခွာရလောက်အောင် ဖေဖေ့ရဲ့ အနုပညာသမားတစ်ယောက် အဖြစ်ဟာ ဘယ်လောက်များ အောင်မြင်နေလို့လဲတဲ့။ အောင်မြင်ဖို့ သေချာ ရေရာလို့လားတဲ့။

ဖေဖေ မြတ်နိုးတဲ့ အနုပညာသမားတစ်ယောက်အဖြစ် အောင်မြင်မှု ရတယ်၊ မရဘူးဆိုတာ နောက်တစ်ကဏ္ဍပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်ချင်တဲ့ အရာတစ်ခုကို လုပ်ဖို့၊ ကိုယ် မလုပ်ချင်တဲ့ အရာတွေကို မလုပ်ဘဲနေဖို့ရာ ပထမဆုံးကိစ္စပဲလို့ ဖေဖေတော့ ယုံကြည်တယ်။ ကိုယ်မလုပ်ချင်တဲ့ အရာတစ်ခုကို ဘဝအခြေအနေအရဆိုပြီး ဇွတ်မှိတ် လုပ်နေကြတဲ့လူတွေ အများကြီးပဲပေါ့ သမီးရယ်။ ဒီလို လုပ်နေကြရတဲ့ လူတိုင်းကို ဖေဖေ ဘာမှ ပြောပိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ ဖေဖေ့ကိုယ်ဖေဖေတော့ ဒီအဖြစ်မျိုးထဲက လွတ်မြောက်ဖို့ရာ ခုခံကာကွယ်ရမှာပဲ။ ကံကြမ္မာကိုပဲ ဖြစ်စေ၊ အခြား တစ်စုံတစ်ယောက်ကိုပဲ ဖြစ်စေ ဖေဖေ မလုပ်ချင်တဲ့ အရာတွေကို ဇွတ်ခိုင်းနေပြီဆိုရင် ငြင်းဆန်ပစ်ဖို့ရာ သတ္တိကို မွေးမြူရမှာ ဖေဖေ့တာဝန်ပဲလို့ ယုံကြည်တယ်။

သမီးကိုယ်တိုင် ဆုံးဖြတ်နိုင်မယ့် နေ့တွေဟာ တစ်ချိန်ချိန်တော့ ရောက်လာမှာပါ သမီးရယ်။

တစ်စုံတစ်ခုကို မြင့်မြင့်မားမား တည်ဆောက်ဖို့ဆိုတာ ကိုယ့်ကိုယ်ထဲမှာ နက်နက်မတူးဘဲ ဘယ်လိုမှ မရနိုင်ပါဘူး။ စာမျက်နှာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်မှာ မှတ်တိုင်တစ်တိုင် စိုက်ထူဖို့ ကြိုးပမ်းနေတဲ့ ဖေဖေ့လို စာပေသမားတစ်ယောက်ဟာ ကိုယ့်အဖျွတ်ကို နက်နက်တူးပြီး အုတ်မြစ်မချဘဲ ဘယ်လိုမှ မခိုင်မြဲနိုင်ပါဘူး။

* * *

မြနှင်းဝေ ... ငါ့ကြေကွဲမှုဆိုတာ ငါ့ပျော်ရွှင်မှုထဲက ဆုတ်ယုတ်သွားတဲ့ ပေးဆပ်မှုတစ်ခုပါ။ နှလုံးသားဆိုတာ ကြေကွဲမှုနဲ့ ပျော်ရွှင်မှုတစ်ခုခုကိုသာ ထမ်းဆောင်ထားနိုင်တဲ့အရာပဲ မဟုတ်လား။ ငါ ဒေါသဖြစ်နေတယ်၊ ငါ တောက်လောင်နေတယ်၊ ငါကြေကွဲနေတယ်၊ ငါ ဝမ်းနည်းနေတယ်။ ဒါပေမဲ့ ဆုံးရှုံးလိုက်ရတဲ့ ပျော်ရွှင်မှုကို မင်း ပိုင်ဆိုင်သွားလိမ့်မယ်လို့တော့ ငါ မယုံကြည်ဘူး။

လူတချို့ဟာ ကိုယ်ကြိုက်တဲ့ အစားအစာတွေကို လျှာပေါ်မှာတင်ပြီး တစိမ့်စိမ့် ဝါးစားရမှ အရသာရှိတာ မဟုတ်ဘူး။ အခြားလူ တစ်ယောက် ဒုက္ခရောက်နေတာကို တစိမ့်စိမ့် ထိုင်ကြည့်ပြီးတော့လည်း အရသာရှိတတ်ကြတယ်။ အဲဒီလို နည်းမျိုးစုံနဲ့ မင်း ပျော်ရွှင်နိုင်ပြီပေါ့။ ငါ့သမီးကိုရော၊ မင်းကိုရော ငါ့အတွေးထဲမှာ တစ်ပြိုင်နက်တည်း ဝင်ရောက်လာနိုင်တဲ့ အချိန်မှာတော့ ဆူပွက်နေတဲ့ ငါ့ဒေါသတွေကြားမှာ မေတ္တာတရားကို ငါ့လက်နဲ့ ဆုပ်ကိုင်ပြီး ထိတွေ့လိုက်ရသလိုပါပဲ။

* * *

မေတ္တာတရားသာ မပါခဲ့ရင်တော့ သစ်ပင်တစ်ပင်တောင် စိုက်ပျိုးလို့ မရှင်သန်နိုင်ဘူးလို့ ဖေဖေ ယုံကြည်တယ်။ သမီးဟာ ဖေဖေ့မေတ္တာတရားရဲ့ အသီးအပွင့်။ ဖေဖေ့ မေတ္တာတရားရဲ့ အငွေ့ပြန်မှု တစ်ခုပါပဲ။ ဖေဖေ့ မေတ္တာတရားကို သမီး နားမလည်နိုင်သေးတာ၊ မခံယူနိုင်သေးတာကို ဝမ်းနည်းရုံမှအပ ဖေဖေ့မှာ ဘာမှ ယုတ်လျော့မသွားပါဘူးကွယ်။ ဖေဖေ့ဆီမှာ သမီး ရှိခဲ့စဉ်တုန်းက ဖေဖေ ပေးနိုင်သမျှ အစွမ်းကုန် ပေးအပ်ခဲ့တယ်ဆိုတာ သမီး နားလည်နိုင်မှာ မဟုတ်ဘူးပေါ့လေ။ အခု သမီး နေရတော့မယ့် ခမ်းနားကြီးကျယ်တဲ့ ကျောင်းတစ်ကျောင်းမှာ သမီးကို ပညာသင်ခဲ့ရတယ် မဟုတ်လား။ အကောင်းဆုံး အစားအစာတွေ မကျွေးမွေးနိုင်ခဲ့ပေမဲ့ သင့်တင့်မျှတပြီး အာဟာရဖြစ်မယ့် အစားအစာကို

mgyoe.com

mgyoe.com
SAMPLE BOOK

တော့ ဖေဖေ ကျွေးနိုင်ခဲ့တယ် မဟုတ်လား။

အကောင်းစား အဝတ်အထည်တွေ မဟုတ်ပေမဲ့ သမီး မညှိုးနွမ်းခဲ့ရပါဘူး။ ဖေဖေကိုယ်တိုင် ဖွပ်လျှော်ပေးတဲ့၊ ဖြူစင်သန့်ရှင်းတဲ့ အဝတ်အစားကို သမီး ဝတ်ခဲ့ရတယ် မဟုတ်လား။ ဖေဖေတို့အိမ်နဲ့ မနီးမဝေးက ကျောင်းကလေးမှာ သမီးလက်ကို ဖေဖေ ဆွဲပြီး ကျောင်းသွားကျောင်းပြန် လိုက်ပို့ စောင့်ရှောက်နိုင်ခဲ့တယ် မဟုတ်လား။ သမီး ပျော်ခဲ့တယ် မဟုတ်လား။ သမီး သူငယ်ချင်းတွေနဲ့ သမီးနဲ့လည်း ပျော်ရွှင် ချစ်ခင်ခဲ့ကြတယ် မဟုတ်လား။ သဘောကောင်းတဲ့ သမီးရဲ့ ဆရာ၊ ဆရာမတွေကလည်း သမီးကို ချစ်ခင်ခဲ့ကြတယ် မဟုတ်လား။ သမီး တစ်နှစ် တစ်တန်း စာမေးပွဲ အောင်ခဲ့တယ် မဟုတ်လား။

တကယ်လို့ ဖေဖေသာ တတ်နိုင်တဲ့လူတစ်ယောက်ဖြစ်ပြီး ကိုယ်ကျိုးအတွက်သာ ကြည့်တတ်တဲ့လူတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် သမီး စာမေးပွဲအောင်ဖို့၊ သမီး အမှတ်ကောင်းကောင်းရဖို့၊ အခြားကလေးတွေထက် ပိုပြီး အခွင့်အရေးရဖို့ ဖေဖေ ကြိုးစားမိမှာပေါ့။ ကိုယ့်ကြောင့် သူတစ်ပါးကို မထိခိုက်စေနဲ့တဲ့။ ဖေဖေသာ အဲဒီလိုလုပ်ခဲ့ရင် သမီးနဲ့ဘဝတူ အခြားကလေးတွေရဲ့ အခွင့်အရေးကို ဖေဖေ လုယူ စော်ကားရာ ရောက်သွားမှာပေါ့။

ဖေဖေနဲ့အတူ ပျော်ရွှင် အသားကျနေတဲ့ သမီးဟာ ဒီသဘောတရားတွေကို တကယ်တမ်း နားလည်သဘောပေါက်ဖို့ ဆိုတာကျတော့ သိပ်ကို ငယ်လွန်းနေပါသေးတယ်ကွယ်။ ဒီအချိန်မျိုးမှာ ဖေဖေ့ ဘဝထဲက သမီးကို ဆွဲထုတ်သွားကြတယ်။ သူတို့ ဖြားယောင်းတဲ့ သာယာမှုတွေကို သမီး တပ်မက်မိတာ သမီးမှာ ဘာအပြစ်မှ မရှိပါဘူး။ သမီး ကောင်းစားနေမယ်ဆိုရင် ဖေဖေ ဝမ်းသာမယ်။ သမီး ပျော်ရွှင်မယ်ဆိုရင်တော့ ဖေဖေ ပိုပြီး ဝမ်းသာရမှာပေါ့ကွယ်။

ဒါပေမဲ့ သမီးရေ ... ကိုယ့်ကြောင့် သူတစ်ပါးကို မထိခိုက်စေနဲ့ ဆိုတဲ့ စကားနဲ့ သက်ဆိုင်မလားတော့ မသိဘူး။ ကျောင်းကြီးထဲမှာ သမီးတို့ ပညာသင်နေကြမယ်။ သမီး အမှတ်ကောင်းကောင်းနဲ့ စာမေးပွဲအောင်ဖို့၊ အခြားကလေးတွေထက် အခွင့်အရေးရဖို့ နည်းအမျိုးမျိုးနဲ့ပေါ့ သမီး

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်။ ပြီးတော့ ကျောင်းဆင်းဖို့ အချိန်တွေ အများကြီးလိုသေးပေမဲ့ ပိတ်ထားတဲ့ သံတံခါးကြီးအနီးမှာ ထမင်းချိုင့်ကြီးငယ် ကိုယ်စီနဲ့ ဂုဏ်တု ဂုဏ်ပြိုင် တစ်နေကုန် ထိုင်စောင့်ကြတယ်။ ခဏတစ်ဖြုတ် ကျောင်းဆင်းလိုက်တဲ့ အချိန်ကလေးမှာကိုပဲ အလုအယက် သူ့ထက်ငါ သံတံခါးတွေရဲ့ ကြားက အစားကောင်း အသောက်ကောင်းတွေကို ထိုးပေးကြမယ်။

သမီးကို ကျောင်းအပ်တဲ့နေ့က စပြီးတော့ပေါ့ကွယ်။ အခက်အခဲတစ်ခုကို ဖြေရှင်းပြီး အောင်မြင်အောင် ကြိုးစားဖို့ထက် သူတို့ရဲ့ ပိုက်ဆံအိတ်တွေကို မလိုအပ်ဘဲ ဆွဲဖွင့်နေတာကို သမီး တွေ့ရလိမ့်မယ်။ သူတို့ဟာ အိတ်ကပ်ထဲ ပိုက်ဆံ အပြည့်မပါဘဲ ဘဝကို မဖြတ်သန်းရဲကြတော့ဘူး။ ဒီအပြုအမူမျိုးဟာ အခြားလူတွေရဲ့ ကိုယ်ကျင့်တရား ပျက်ပြားစေဖို့ အားပေးနေတဲ့ မကောင်းမှုတစ်ခုပဲ။ အခြား လူတန်းစားတွေရဲ့ ဘဝကို အခွင့်အရေးမရအောင် ပိတ်ပင်နေတဲ့ ဒုစရိုက်မှုတစ်ခုပဲ။ မကောင်းတဲ့ အစဉ်အလာ ဖြစ်ပေါ်ဖို့ လမ်းခင်းပေးတဲ့ ဖောက်ပြန်မှုပဲ။

ဖေဖေနဲ့ အတူရှိစဉ်က သမီး နေခဲ့တဲ့ ကျောင်းကလေးကို သမီးဘဝမှာ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူးဆိုတာ ဖေဖေ ယုံကြည်တယ်။ အမှတ် ၁၄၊ အလက ကျောင်းကလေးလေ။ အဲဒီတုန်းက တစ်နေ့မှ ပြားငါးဆယ်ပဲ ဖေဖေ ပေးလိုက်နိုင်ခဲ့တယ် မဟုတ်လား။ တစ်ခါတလေ နှစ်ဆယ့်ငါးပြားတည်းပါကွယ်။ သမီးရဲ့ အခြားသူငယ်ချင်းတွေမှာလည်း တစ်ကျပ်ပြည့်အောင် ပါတဲ့လူ ခပ်ရှားရှားမို့ သမီးတို့ချင်း ပြိုင်ဆိုင်ပြီး ဝယ်မစားကြပါဘူး။ အတူတူ ကစားပြီး အတူတူ စားကြတယ်။ ဆရာ၊ ဆရာမတွေကိုလည်း (မလိုအပ်တဲ့) ဘာကြေးမှ အပိုမပေးနိုင်ခဲ့ဘူး။ ဒါပေမဲ့ သမီး ပျော်ရွှင်ခဲ့တယ်။ ဆရာ၊ ဆရာမတွေရဲ့ ချစ်ခင် ပူနွေးမှုကိုလည်း အခြားကလေးတွေလိုပဲ သမီး ခံစားခဲ့ရတယ် မဟုတ်လား။

ရာစုခေတ်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားတာနဲ့အမျှ မေတ္တာတရားနဲ့ ပတ်သက်တဲ့ ခံစားမှုတွေလည်း လူတွေရဲ့ နှလုံးသားထဲမှာ တဖြည်းဖြည်း ခန်းခြောက်လာတဲ့ ဒီလို ခေတ်မျိုးကြီးထဲမှာတောင် ကံကောင်းထောက်မစွာပဲ သမီးဟာ ပျော်ရွှင်မှုကို ရယူနိုင်ခဲ့တယ် မဟုတ်လား။

မြနှင်းဝေ ... မင်းတို့ ထင်ခဲ့သလို အနုပညာဆိုတာ ဒုစရိုက်မှု

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခု မဟုတ်ဘူး၊ အကုသိုလ်တစ်ခု မဟုတ်ဘူး၊ ကိုယ်ကျင့်တရား ပျက်ပြားမှုတစ်ခု မဟုတ်ဘူး။ အနုပညာသမားဆိုတာ ကိုယ် ပေးနိုင်သမျှ အရာအားလုံးအပေါ် ပေးဆပ်ပြီးတော့ ကိုယ် ပေးခဲ့ရသမျှနဲ့ ထိုက်ထိုက်တန်တန် ဘယ်တုန်းကမှ ပြန်မရခဲ့တဲ့ လူတွေပါ။ ငွေကြေး ဥစ္စာဓနဲ ဆိုတာကို ငါ စွန့်လွှတ်ခဲ့တယ်။ ဒါကတော့ အစကတည်းက ငါ ပိုင်ဆိုင်တာရယ်လို့ တစ်ပြားတစ်ချပ်မှ မပါခဲ့လေတော့ စွန့်လွှတ်ခဲ့ရတယ်လို့တောင် မသုံးသင့်ပါဘူးလေ။

ငါ့ကိုယ်ပိုင်လို့ ဆိုနိုင်လောက်တဲ့ အရာရှိတစ်ယောက်ရဲ့ ဘဝကိုလည်း ငါ စွန့်လွှတ်ခဲ့တယ် မဟုတ်လား။ ငါ့သဘောနဲ့ ငါပါ။ ငါ မစွန့်လွှတ်ချင်ဘဲ စွန့်လွှတ်ခဲ့ရတဲ့ အရာကတော့ ငါ့သမီးပဲပေါ့။ တရားဥပဒေရဲ့ ဆုံးဖြတ်မှုက ငါ့သမီးကို ငါ မပိုင်ဆိုင်သင့်ဘူးတဲ့လား။ ဟုတ်လား။ ဒါပေမဲ့ မြနှင်းဝေ ... ငါ့သမီးကို ငါ သိတယ်၊ ငါ ယုံကြည်တယ်။ ငါ့သမီးရဲ့ အသွေးအသားထဲမှာ ငါ့အတ္တဟာ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်နေခဲ့ပြီဆိုတာ ငါ ယုံကြည်တယ်။ မင်းတို့နဲ့ အတူနေခဲ့မယ့် သမီးရဲ့ မသိစိတ်ထဲမှာ ငါ့ဝိညာဉ်ဟာ ပူးကပ်ပြီးတော့ နေလိမ့်မယ်။ တစ်နေ့နေ့မှာတော့ ငါ့သမီးဟာ ငါ့ဆီကို ပြန်ရောက်လာလိမ့်မယ်ဆိုတာ ငါ အသေအချာကို ယုံကြည်တယ်။

မြနှင်းဝေ ... ငါ့ရဲ့စွန့်လွှတ်မှုတွေကို မင်း အထင်မကြီးခဲ့ဘူး။ ငါ့ရဲ့ မအောင်မြင်မှုကိုတော့ မင်း အထင်သေးခဲ့တယ်။ ငါဟာ ကျော်ကြားမှုတစ်ခုနောက်ကို သွေးရူးသွေးတန်းလိုက်နေတဲ့ လူတစ်ယောက် မဟုတ်ဘူး ဆိုတာကိုလည်း မင်း နားမလည်နိုင်ခဲ့ဘူး။ မလိုအပ်တဲ့ အောင်မြင်ကျော်ကြားမှုမျိုးကို မဆိုထားနဲ့၊ ကိုယ်တိုင် တကယ်တမ်း မတည်ဆောက်နိုင်ခဲ့တဲ့ အရာတစ်ခုအပေါ်မှာ လွဲမှားပြီးတော့ တစ်စုံတစ်ရာ ရရှိခဲ့ရင်လည်း ငါ့ကိုယ်ငါ ရှုံရှာမိလိမ့်မယ်။ ငါ့ကိုယ်ထဲက တူးဖော်တွေ့ရှိသမျှကိုသာ ငါ ယုံကြည်တယ်။ အပြင်အပ ဗဟိဒ္ဓ အာရုံတွေကိုတော့ ငါ့နှလုံးသားထဲထိ လာပြီး မရိုက်ခတ်သေးသမျှ ငါ ဘာကိုမှ မလိုချင်ဘူး။ ငါ ဘာကိုမှ မယုံကြည်ဘူး။

မြေကြီးပေါ် လေးဖက်ထောက် သွားခဲ့ရတဲ့ ခေတ်တွေတုန်းကလည်း

mgyoe.com

mgyoe.com SAMPLE BOOK

လူဆိုတာ အမှန်တရားကို လက်ခံသူ ရှိမယ်၊ ငြင်းဆန်သူ ရှိမယ်။ မင်းတို့၊ ငါတို့ရဲ့ လက်ရှိခေတ်ကာလမှာလည်း ဒီအတိုင်းပဲ မဟုတ်လား။ ဘာများ တိုးတက်လို့လဲဟင်။ တစ်ဦးတစ်ယောက်ချင်းရဲ့ ပေါ့တန်မှုကြောင့် လူ့သမိုင်းဟာ နစ်မြုပ်သွားနိုင်တာမို့ လူတိုင်း လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူပြီး အမှန်တရားနဲ့ နီးစပ်အောင် ကြိုးစားသင့်တယ်လို့ ငါ ယုံကြည်တယ်။

* * *

သမီးလေး ... သူများတွေက ရယ်မောပြီး ကိုယ်က မရယ်မောနိုင်တဲ့အခါ လောကကြီးဟာ ဘာမှ အဓိပ္ပာယ်မရှိပါဘူး။ ကိုယ်တစ်ယောက်တည်း ရယ်မောပြီး သူများတွေက မရယ်မောနိုင်ရင်လည်း လောကကြီးဟာ အဓိပ္ပာယ်မရှိပါဘူးကွယ်။ လူတွေဟာ ပျော်ရွှင်မှုကို ဆာလောင်မွတ်သိပ်ကြတယ်။ ဒါပေမဲ့ အခြားလူတစ်ယောက်အတွက် ဝမ်းသာပျော်ရွှင်မှုကို ခံစားနိုင်တဲ့ ပါရမီဆိုတာ လူတိုင်းမှာ မရှိနိုင်တာကတော့ သေချာသပေါ့ကွယ်။

လူမှုဆက်ဆံရေး ဖြစ်တည်မှုရဲ့ အခြေခံအောက်ခြေမှာ လိမ်ညာမှုတစ်ခုခု ရှိနေပြီဆိုတာ ခံစားသိရှိနေရတဲ့ ဖေဖေ့ဒုက္ခဟာ ဘယ်လောက်ကြီးမားသလဲဆိုတာ သမီး စဉ်းစားကြည့်ပေတော့။ လိမ်ညာမှုကို ဥပေက္ခာပြုပြီး နေနိုင်တဲ့ လူဆိုတာ ကိုယ့်ယုတ်ညံ့မှုကို ကိုယ့်လက်နဲ့ ဆုပ်ကိုင်ပြီး ကြည့်နေရတဲ့လူပဲ ဖြစ်မှာပါ။

ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်။ ငတ်မွတ်ခေါင်းပါးနေတဲ့ အချိန်မှာ အစားအသောက်ရဲ့ တန်ဖိုးကို ပိုပြီး သိနိုင်သလို၊ မေတ္တာခေါင်းပါးနေတဲ့ ခေတ်ကြီးထဲမှာ မေတ္တာတရားအကြောင်း ပိုပြီး သင်ယူနိုင်ခွင့် ရှိတာပေါ့။

ကြောက်စရာ ပူလောင်ပြင်းပြတဲ့ ကာလတွေကို ဖေဖေတို့၊ သမီးတို့ ဆက်ပြီး ပိုင်ဆိုင်ကြရဦးမှာပေါ့။ အလင်းနဲ့ အမှောင် နှစ်ခုကြားမှာသာ ဘဝကို ပြတ်ပြတ်သားသား မြင်နိုင်ပေလိမ့်မယ်။

* * *

မြနှင်းဝေ ... ပြည့်လျှံကြွယ်ဝတဲ့ စိတ်ကူးစိတ်သန်းတွေထဲမှာ ရုန်းမရအောင် နစ်မြုပ်နေတဲ့ အရူးတစ်ယောက်လို ငါဟာ ... ငါ့မှာ ချမ်းသာ

mgyoe.com

mgyoe.com SAMPLE BOOK

ကြွယ်ဝတဲ့ မေတ္တာတရားနဲ့ ပျော်ရွှင်မှု အစစ်တွေကို လူတိုင်းဆီ ပေးဝေရင်း ငါ့ဘဝမှာ ငါ နေထိုင်ခဲ့တယ်။ အခုတော့ ငါ ကြေကွဲရပြီ။ ငါ့သမီးကို ငါ့ဆီက မင်းတို့ ခေါ်သွားနိုင်ခဲ့ပြီကိုး။

ငါ ဝမ်းနည်းနေတယ်။ ငါ ဒေါသဖြစ်နေတယ်။ ငါ တောက်လောင်နေတယ်။ ငါ ကြေကွဲနေတယ်။ ဒါပေမဲ့ ဆုံးရှုံးလိုက်ရတဲ့ ပျော်ရွှင်မှုကို မင်း ပိုင်ဆိုင်သွားပြီလို့တော့ ငါ မယုံကြည်ဘူး။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ဘင်ဂျမင်ဖရင်ကလင်၏ရယ်သံများ

ကိုယ့်မိတ်ဆွေများထံသို့ ချေးဖို့ငှားဖို့ သွားရခြင်းထက် ကိုယ်က ကူညီပေးကမ်းရန် သွားရခြင်းက ပို၍ ကောင်းပါပေသည်။ သို့ရာတွင် ထိုနှစ်ခုစလုံးနှင့် မသက်ဆိုင်ဘဲ သွားရခြင်းမှာကား သာ၍ကောင်းသော အကောင်းဆုံး ဖြစ်ပေ၏။

ယခုကား ကျွန်တော်သည် အဆိုးဆုံးသော အနေအထားဖြင့် ကျွန်တော့် မိတ်ဆွေရှိရာသို့ သွားရလျက် ရှိချေပြီ။ အဆိုးဆုံးသော အနေအထား မှန်ပေသည်။ ထိုအဆိုးဆုံးသော အနေအထားများသည် ကျွန်တော့် တစ်ကိုယ်လုံးကိုသာမက ကျွန်တော့်အား တွဲလောင်းခိုထားသည့် မိန်းမနှင့် ကလေးများအားလည်း ဖိစီးလျက်ပင် ရှိပါတော့သည်။

ကြယ်တံခွန် လာနေတဲ့အသံကို ခင်ဗျား ကြားမိပါသလား။

အကြွေးစာရင်းတွေ လာနေတဲ့အသံကို ကျွန်တော် ကြားနေရတယ်။ ကျွန်တော့်ဆီ လာနေတဲ့ အကြွေးစာရင်းတွေရဲ့ အသံပေါ့။

အဖြစ်အပျက်တွေထဲမှာ၊ ကမ္ဘာ့သမိုင်းဆရာတွေရဲ့ မှတ်တမ်းထဲမှာ ထူးခြားတဲ့ ဖြစ်ရပ်တွေ ရှိကောင်း ရှိခဲ့မှာပေါ့။ အရာအားလုံးအပေါ် စိတ်ဝင်စားမှု ကင်းမဲ့ပြီး နေ့စဉ်သတင်းစာနဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေကိုတောင်

mgyoe.com

mgyoe.com SAMPLE BOOK

ဂရုတစိုက် မဖတ်ဖြစ်ခဲ့တဲ့ ကျွန်တော့်အဖို့တော့ ကမ္ဘာကြီး ဘာတွေ ဖြစ်နေတယ်ဆိုတာ သိပ်မသိတော့ပါဘူး။

အဲဒီ မနေ့ညတုန်းက ကျွန်တော်ဟာ လင်းခါနီးမှ အိပ်ပျော်ခဲ့ရတယ်။ အသစ်ရောက်လာမည့် နှစ်သစ်ကို ကြိုဆိုတဲ့အနေနဲ့ တစ်ဖက်ခန်းမှ ပျော်ရွှင် မူးယစ် စားသောက်နေကြသံတွေကို ကြိတ်မှိတ် နားထောင်ရင်း၊ တဒင်ဒင် မြည်နေတဲ့ တိုင်ကပ်နာရီအိုကြီးကို ငေးကြည့်ရင်း၊ ကျွန်တော့်အပေါ် ကံဆိုးခြင်းတွေသာ တစ်ပွေ့တစ်ပိုက်ကြီး လက်ဆောင်ပေးခဲ့ပြီး အသစ်စက်စက် ကုန်ဆုံးသွားတဲ့ ထိုနှစ်ကြီးကို အံကြိတ်၊ တက်ခေါက် ဒေါသဖြစ်ရင်း အိပ်မပျော်ဘဲ ဖြစ်နေခဲ့ရတာပါ။ ၃ နာရီကျော်ကျော်ရှိမှ ဆုံးဖြတ်ချက်တစ်ခုကို ချပြီး ကျွန်တော် အိပ်ပျော်သွားခဲ့တယ်။

လူတစ်ယောက်ရဲ့ ဘဝကို ဘယ်တော့မှ ကံဆိုးမိုးမှောင်ထဲ အတင်းပစ်ချလို့ မရဘူးလို့ ကျွန်တော်က ယုံကြည်တယ်။ ဒါကြောင့်ပဲ ဆုံးဖြတ်ချက်အတိုင်း ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေရှိရာ ချီတက်လာတာပေါ့။

ဆက်သွား ... ဆက်သွား။

ကျွန်တော့်မှာ ရှိသမျှ စိတ်ဆန္ဒအားလုံးကို စုစည်းပြီး ကျွန်တော့်မိတ်ဆွေရှိရာ ချီတက်လာခဲ့တာပါပဲ။ ကျွန်တော့် ကိုယ်ပေါ်မှာတော့ နှစ်ပေါင်းများစွာ ဝတ်ဆင်ခြင်းမရှိတဲ့ ဂမ္ဘီရ ကုတ်အင်္ကျီ ဖားဖားကြီးကို ဝတ်ဆင်လို့ပေါ့။ အထူးတလည် ဝတ်ဆင်လာခဲ့တဲ့ သည်အင်္ကျီကြီးဟာ အများအမြင်မှာတော့ စုတ်ချာချာလို့ ထင်စရာရှိပေမဲ့ ကျွန်တော့်အဖို့တော့ ဂုဏ်သိက္ခာ အပြည့်အဝပါပဲ။ မိဘ ဘိုးဘွားစဉ်ဆက် အမွေအနှစ်ပေးခဲ့တဲ့ အင်္ကျီကြီးဖြစ်တာကြောင့် မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် အချိုးကျကျ တိုင်းထွာ ချုပ်လုပ်ထားတာကြောင့်လည်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က အိမ်တော်ရာ လေဘေးတန်းမှ ဝယ်ခဲ့တဲ့ အင်္ကျီကြီးပါ။ အချိုးအစား သိပ်မကျပေမဲ့ နွေးနွေးထွေးထွေး ဖားဖားလျားလျား ရှိလှတဲ့ ဆောင်းဝတ် အင်္ကျီကြီးပါ။

ကျွန်တော် ပြောလိုတာက သည်အင်္ကျီကြီးရဲ့ သမိုင်းကြောင်းနဲ့ အချိုးအစား ကျနမှု၊ မကျနမှုအကြောင်း မဟုတ်ပါဘူး။ သည်အင်္ကျီကြီး

mgyoe.com

mgyoe.com SAMPLE BOOK

မှာ အိတ်ကပ်တွေ အများကြီးပါပြီး ပိုက်ဆံတွေ အများကြီး ထည့်လို့ရတဲ့ အကြောင်း ပြောလိုရင်းပါ။ ပြီးတော့ သည်အင်္ကျီကြီးဟာ အချိုးအစား မကျလှပေမဲ့ လူအများကို ဆွဲဆောင်မှုရှိပြီး သည်အင်္ကျီကြီး ဝတ်ထားတဲ့ အခါ ကျွန်တော့်ကို လူအများက စိတ်ဝင်စားမှုဖြစ်စေတယ်လို့ ကျွန်တော် ယုံကြည်ထားတာကြောင့်ပါပဲ။ တစ်စုံတစ်ယောက်ဆီက ပိုက်ဆံချေးလို တဲ့အခါ သည်အင်္ကျီကြီးကို ကျွန်တော် အမြဲဝတ်နေကျပါပဲ။ ကျွန်တော့်ရဲ့ ဂမ္ဘီရ ကုတ်အင်္ကျီကြီး။

မနေ့ညက အိပ်ရေးပျက်ခဲ့ စဉ်းစား ဆုံးဖြတ်ထားတဲ့အတိုင်း ကျွန် တော့် မိတ်ဆွေဆီက ပိုက်ဆံချေးဖို့ ထွက်လာခဲ့ခြင်းပါပဲ။ အကောင်းဆုံး သော အရင်းအနှီး ရှာဖွေခြင်းမှာ တစ်စုံတစ်ယောက်ထံမှ ပိုက်ဆံချေးခြင်း ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ကျွန်တော့်အား အကြံပေးခဲ့ဖူးတာကို ကျွန်တော် ဘယ်တော့မှ မမေ့။ ပြီးတော့ ဘင်ဂျမင်ဖရင်ကလင်က ပြော ခဲ့ဖူးတယ် မဟုတ်လား။ ပိုက်ဆံရဲ့တန်ဖိုးကို သိချင်ရင် တစ်စုံတစ်ယောက် ဆီက ပိုက်ဆံချေးကြည့်လိုက်ပေါ့တဲ့။

ကျွန်တော့်မှာ အရင်းအနှီးပြုစရာ ပိုက်ဆံတွေ အများကြီး လိုနေ သည်။ အကြွေးပေးစရာ ပိုက်ဆံတွေ အများကြီး လိုနေသည်။ ကလေးတွေ အတွက် ပိုက်ဆံတွေ အများကြီး လိုနေသည်။ နေ့စဉ် စားဝတ်နေရေး အတွက် ပိုက်ဆံတွေ အများကြီး လိုနေသည်။ လိုသည်၊ လိုနေသည်။

အဝေးကြီးသော နှစ်တွေဆီက ရယ်မောသံတွေ ကျွန်တော် ကြား နေရတယ်။ ဘဝမှာ ကြားနေရတယ်။ ဘဝမှာ ကျွန်တော်ဟာ ပုစဉ်းတစ် ကောင်လောက်တောင် မြင့်မြင့် မပျံသန်းနိုင်ခဲ့ပေမဲ့ စိတ်ကူးကျတော့ အပြင့်ဆုံးထိ ယဉ်တတ်တဲ့ ကောင်ပါ။ ထင်သလို လွင့်မျောနေတဲ့ တိမ် တိုက်တွေထဲမှာ ကျွန်တော့်ပုံတူကို ကျွန်တော် ထုဆစ်ခဲ့တယ်။ အင်း ... ဖားပြုပ်လို ကောင်တွေက လှောင်ပြောင် ရယ်မောနေကြလေမလား။ ကျွန်တော့် မိတ်ဆွေက ကျွန်တော့်ကို သံကောင်း တမန်ကောင်း တစ်ဦး လို ကြိုဆိုပါ့မလား။ ဝံပုလွေတွေကတော့ သူတို့ထက် အင်အားသာရင် လေးစားတတ်ကြတယ်။ အမေရိကန် သမ္မတကတော်တွေကတော့ သူ တို့ရဲ့ ယောက်ျားတွေကို အခြားသမ္မတတွေထက် တော်တဲ့ အတော်ဆုံး

mgyoe.com

mgyoe.com SAMPLE BOOK

သမ္မတ ဖြစ်စေချင်ကြတာပဲ။ ကျွန်တော့် မိတ်ဆွေဟာ ကျွန်တော့်ရဲ့ အကောင်းဆုံးမိတ်ဆွေ ဖြစ်နိုင်ပါ့မလား။ အရာရာဟာ ဘာတစ်ခုမှ မသေချာဘဲနဲ့ ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေ ရှိရာဆီ သွားနေတယ်။

ကိုယ့် မျှော်လင့်ချက်ဆိုတာ အမြဲတမ်းတော့ ကိုယ့်ကို အပြုံးနဲ့ စောင့်ကြိုမနေတတ်ဘူးပေါ့လေ။ အမြဲတမ်း ရုံပြည့်နေရစေ့မယ်လို့ ဘယ်ဇာတ်ဆရာမှ မျှော်လင့်ထားလို့ မရဘူး မဟုတ်လား။ သိုးတွေဟာ ကောင်းကင်ဘုံကို ဘယ်တော့မှ မော့မကြည့်ဘူး။ သူတို့ရဲ့ နှလုံးသားကတော့ ကောင်းကင်ဘုံနဲ့ အမြဲတမ်း ထိတွေ့နေတယ်။ ကိုယ်လိုချင်တဲ့အရာက တောင်ဘက်မှာ ရှိနေပေမဲ့ ကိုယ်က မြောက်အရပ်ဆီ ဦးတည်ပြီး သွားနေမိပြန်ရော။ ကိစ္စမရှိပါဘူး။ အဆင်မပြေမှုတွေကို ချောင်းဆိုးခြင်းအဖြစ်နဲ့ အသွင်ပြောင်းလဲခဲ့ရတာ ကျွန်တော့်အဖို့ ရိုးလှပါပြီ။ အကောင်းစား ဆိုဖာဆက်တီခုံတွေ မလိုချင်ပါဘူး။ အကောင်းစား စိတ်ကူးစိတ်သန်းတွေပေါ်မှာ ကျွန်တော် အမြဲတမ်း ထိုင်နေခဲ့တာပါပဲ။

ကျွန်တော့်မိတ်ဆွေဆီက ပိုက်ဆံတွေ ချေးရခဲ့လျှင် ဟောသည် အိတ်ကပ်ကြီးထဲမှာ ဟောသည်လို ထည့်မယ်။ ဆုံမှ ဆုံပါ့မလား။ ဟောသည် ညာဘက်အေးမှာလည်း အိတ်ကပ်ကြီးတစ်လုံး ပါသေးရဲ့။ ကျွန်တော့် မျက်စိထဲမှာ ပိုက်ဆံတွေ ပျံဝဲနေတယ်။ နှစ်ရာတန် သုံးလေးရွက်ထက် ပိုပြီး မပိုင်ဆိုင်ဖူးတဲ့ကောင် ဆိုတော့ ငွေငါးသောင်းဆိုတာ ဘယ်လောက် များပါလိမ့်လို့ သူများကို မေးယူရတယ်။ ဟကောင်ရ၊ ငါးသောင်းဆိုတာ ငါးသောင်းပဲပေါ့ကွလို့ မကြာခဏ အငေါက်ခံရတာ မှတ်မိသေးတယ်။ တစ်ကမ္ဘာလုံးက သုံးနှုန်းနေကြတဲ့ ငွေကြေးစကားတွေကိုလည်း မစားရ ဝခမန်း ကျွန်တော် ကြားယောင်နေမိပြန်တယ်။ ငွေလဲလှယ်မှုနှုန်းထားတွေ၊ ဈေးကွက်စီးပွားရေးစနစ် အကြောင်းတွေ၊ အေတီအမ်လို့ ခေါ်တဲ့ အလိုအလျောက် ငွေထုတ်စက်ကြီးတွေ၊ အက်ဖ်အီးစီတွေ၊ ဒေါ်လာတွေ၊ ရှယ်ယာပွဲစားတွေ ... စုံလို့ပါပဲ။

မှတ်မိသေးပါတယ်ဗျာ။ ရွှေဆိုင်ကြီးတစ်ခုမှာ ငွေရေတွက်ဖို့ တန်းစီပြီး ထိုင်နေကြတဲ့ မိန်းကလေးတွေ လှမှလှနဲ့။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာလည်း ခေတ်မီတိုးတက်စွာ ဈေးကွက်စီးပွားရေးနစ်ကို ကျင့်သုံးလာ

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့တဲ့ ၇ နှစ်၊ ၈ နှစ်လောက်တောင် ရှိခဲ့ပြီမဟုတ်လား။ ဟော ... ဖက်စပ်ကုမ္ပဏီကြီးတွေ၊ ဖက်စပ်ဘဏ်ကြီးတွေ အလျှိုလျှို ပေါ်ပေါက်လာခဲ့ပြီမဟုတ်လား။ နေ့စဉ်ထုတ် ငွေကြေးသတင်းစာတွေက ဖော်ပြနေတဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးအကြောင်းတွေ၊ စတော့ရှယ်ယာ ပိုင်ဆိုင်သူတွေ၊ အစုရှယ်ယာ ပိုင်ဆိုင်သူတွေ၊ ငွေကြေး အတက်အကျတွေ၊ ကိုယ်စားလှယ်တွေ၊ အရောင်းအဝယ်တွေ၊ အနာဂတ် ရောင်းဝယ်ရေးအကြောင်းတွေ စုံလို့ပါပဲ။

ကျွန်တော့် မျက်စိထဲမှာ ငွေကြေး စက်ယန္တရားကြီးဟာ အဆက်မပြတ် လည်ပတ်နေရုံသာမက ကျွန်တော့်နားထဲမှာလည်း ငွေကြေးစကားသံတွေပဲ ဆူညံနေတော့တယ်။ ဒင်္ဂါးပြားတွေ ကြမ်းပေါ် သွန်ချလိုက်သလို တချွမ်ချွမ် မြည်နေရုံမျှသာ မဟုတ်ပါဘူး။ ပေပါကြီး နှစ်လုံးကို ရှေ့နောက်ယှဉ်တွဲပြီး နောက်က ခြေထောက်နဲ့ လိုမ့်ကန်နေသလို တဂျိမ်းဂျိမ်း မြည်နေတာပါ။

'ကိုယ့်လူက ပိုက်ဆံ ဘယ်လောက်လိုလို့လဲ။ ပြောလေ။ အားမနာပါနဲ့'

သူက အဲသလို မေးခဲ့ရင် ကျွန်တော့်ပါးစပ်က ထွက်ရမှာ အားတုံ့အားနာ ဖြစ်ကောင်း ဖြစ်နေလိမ့်မည်လား။ အဲသလို ဖြစ်နေရင် ပထမဆုံး ကျွန်တော်က လက်ငါးချောင်းကိုပဲ ထောင်ပြလိုက်မှာပေါ့။ ငါးသောင်း။ မြန်မာကျပ်ငွေ ငါးသောင်းလောက်တော့ ဒီလူ့အဖို့ သိပ်ခက်ခဲလိမ့်မည် မဟုတ်။ တစ်ခါမှတော့ ဒီလူ့ဆီက ပိုက်ဆံ မချေးငှားဖူးဘူးပေါ့လေ။ သူ့မှာ မြန်မာကျပ်ငွေ အလွယ်တကူ ရှိကောင်းပါရဲ့။ တစ်ခါမှတော့ သည်လောက်များများ ဘယ်သူ့ဆီကမှ မချေးဖူးပါဘူးလေ။ ဒါပေမဲ့ အခုချိန်မှာတော့ ကျွန်တော့်လိုအပ်ချက်တွေက သိပ်များနေတယ်။ အကြွေးတွေလည်း တင်နေတယ်။ ကလေးတွေလည်း ဟင်းကောင်းကြွေးကောင်း မစားရတာ ကြာပြီ။ မိန်းမကလည်း မြိန်ရေရှက်ရေ စားချင်လိုက်တာကွာလို့ မကြာခဏပဲ ညည်းညူရှာတယ်။ ကလေးတွေအတွက် ကျောင်းက အချိန်ပိုကြေးက အစ ဟိုကြေး သည်ကြေးတွေကလည်း ပေးစရာ များနေတယ် မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီတော့ ငါးသောင်းလောက်ချေးမှ လုံလောက်မယ်။ အရင်တုန်းကလိုပဲ လေးငါးရာလောက်သာဆိုရင် အသေးသုံး လိုအပ်ချက်ကလေးတွေနဲ့ပဲ ကုန်သွားမှာ။ ဘာလုပ်ငန်းမှ လုပ်ဖြစ်မှာ မဟုတ်ဘူးလေ။

ပေးစရာရှိတဲ့ ကြွေးဟောင်းတွေ အကုန်ဆပ်ပစ်လိုက်မယ်။ ကျန်တဲ့ ငွေနဲ့ ဘာလုပ်ရပါ့။ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကတော့ စာအုပ်အရောင်းဆိုင်ကလေး တည်ထောင်ဖို့ အကြံပေးထားတယ်။ ဒါဆို ဆိုင်ခန်း ငှားရမယ်၊ စပေါ်တင်ရမယ်။ ဖြစ်နိုင်မယ် မထင်ဘူး။ အကြွေးဟောင်းတွေကလည်း မဆပ်လို့ မဖြစ်တဲ့ အခြေအနေမှာ ရောက်နေပြီ။ ငါးသောင်းလုံး အကုန်သုံးရင်တောင် လောက်မှ လောက်ပါ့မလား။ ဒီတော့ ကျွန်တော့်အတွက် လုပ်ငန်းတစ်ခုခုကတော့ မဖြစ်နိုင်။ မိန်းမအတွက်ပဲ လုပ်ငန်းကလေး တစ်ခုခု စဉ်းစားရတော့မယ်။

မုန့်ဟင်းခါးဆိုင်ကလေး ဖွင့်ရမလား။ အသုပ်စုံဆိုင်ကလေး ဖွင့်ရမလား။ ဈေးထောင့်မှာ အကြော် ကြော်ခိုင်းရမလား။ မိန်းမကတော့ အရင်းအနှီးကလေးရှိရင် ဈေးထဲမှာ ကုန်စိမ်းရောင်းချင်သည်ဟု ပြောဖူးသည်။ ကွမ်းယာဆိုင်ကလေး တစ်ဆိုင်လောက် ထောင်နိုင်ရင်တော့ အကောင်းဆုံးပေါ့လေ။

ဘာလုပ်ရမှာလဲ။ ဘယ်လို ဖြေရှင်းရမှာလဲ။

မစ္စစ်ကာရိုးအော့စ်ဘွန်း ခင်ဗျား ...၊ သည်ကိစ္စအတွက် ကျွန်တော် ပြဿနာအမှတ် ဘယ်လောက်ကို ဖတ်ရမှာလဲ။ ကျွန်တော့်ကို အဆက်မပြတ် မိုးကြိုးပစ်နေတယ်။ ညစဉ်ရက်ဆက် အိပ်မပျော်အောင် လုပ်ထားတဲ့ စိတ်သောကတွေအတွက် မနေ့ညက ကျွန်တော် ပြဿနာအမှတ် ၉၁ ကို ဖတ်ဖြစ်ခဲ့တယ်။ 'ငါ မှားသွားလျှင် မည်သို့လုပ်မည်နည်း၊ ငါ မှားသွားလျှင် မည်သို့လုပ်မည်နည်း' ဤသို့သော ညည်းတွားသံများကို 'အီချင်း'က ကြားပေလိမ့်မည်။

ကွန်ဖြူးရှပ်ရဲ့ စီးပွားရေးပြဿနာ တစ်ရာထဲမှာ အဖြေရှာမရတာနဲ့ ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေဆီက ငွေငါးသောင်းချေးဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။

ကျွန်တော့်မိတ်ဆွေဟာ ဘဏ်လုပ်ငန်းရှင် တစ်ယောက်ပါ။ အခြား

mgyoe.com

mgyoe.com SAMPLE BOOK

စီးပွားရေးလုပ်ငန်းတွေလည်း ရှိပါသေးတယ်။ သူ့ဘဝရဲ့ အဓိက ရည်မှန်းချက်ဟာလည်း ပြည့်စုံတဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်ဖို့ပါပဲ။ ဒါပေမဲ့ သူက ကဗျာဆရာဘဝကို အဆစ်အနေနဲ့ လိုချင်ပြန်သေးတယ်လေ။ ဒီအချက်ကြောင့်ပဲ သူနဲ့ ကျွန်တော်ဟာ ပေါင်းစပ်ရနေတာပါ။ ဒါပေမဲ့ အခု ကျွန်တော် သူ့ဆီ လာတာကတော့ဖြင့် ကဗျာကိစ္စနဲ့ ဘာမှ မပတ်သက်ပါဘူး။ ငွေရေးကြေးရေးကိစ္စ။ ငွေရေးကြေးရေးကိစ္စနဲ့ လာခဲ့တာမို့ ခြေလှမ်းတော့ သိပ်မသွက်လှဘူးပေါ့။ စဉ်းစားတွေးတော တုံ့ဆိုင်းမှုနဲ့ ကျွန်တော့် ခြေလှမ်းတိုင်းဟာ လေးလံနေရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့ မိတ်ဆွေဟာ လူကောင်းသူကောင်း တစ်ယောက်ပါ။

'ဟာ ... ဟေ့လူ၊ လာ ... ထိုင်'

ရောက်ရောက်ချင်းပဲ ကျွန်တော့်မိတ်ဆွေက ဖော်ဖော်ရွေရွေ ဖိတ်ခေါ်တယ်။ ကျွန်တော့်မှာသာ လာရင်းကိစ္စက တစ်မျိုးဖြစ်နေတော့ သွက်သွက်လက်လက် မရှိဘဲ ဖြစ်နေတယ်။ သူ့လုပ်ငန်းကိစ္စတွေ ရပ်ထားပြီး ကျွန်တော် လာတိုင်း ပြောနေကျဖြစ်တဲ့ စာအကြောင်း ပေအကြောင်းတွေ သူက စပြောပါတော့တယ်။ သူ ပြောတာတွေကို စိတ်ဝင်စားဟန်ဆောင်ပြီး အလိုက်သင့် ပြောနေရပေမဲ့ စိတ်ကတော့ ဘယ်လို စကားစလိုက်ရမလဲ ဆိုတာ တွေးနေရတာကြောင့် ကျွန်တော့်ဘက်က မသွက်လှဘူး။ အခါတိုင်းကတော့ စာအကြောင်း ပေအကြောင်းတွေကို ကျွန်တော်ကသာ ဦးဆောင်ပြီး ပြောနေကျ မဟုတ်လား။

ဒီလိုနဲ့ ကျွန်တော့်အဖို့ရာမှာ မရေရာတဲ့ စကားတွေနဲ့ပဲ မျောနေရတော့တယ်။ ဒါပေမဲ့ သူ့မှာ လုပ်ငန်းတွေနဲ့ မဟုတ်လား။ အချိန်ဟာ သူ့အတွက် တန်ဖိုးရှိလှပါတယ်။ ခင်မင်လွန်းလို့သာ အလုပ်ကို ရပ်ပြီး ဧည့်ခံစကားပြောနေရတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါရဲ့။ သူက ပြောလက်စ စကား ခဏရပ်ပြီး စီးကရက်ဘူးထဲက စီးကရက်တစ်လိပ်ကို ထုတ်မီးညှိတယ်။ ကျွန်တော့်ကိုလည်း စီးကရက်ဘူး လှမ်းပေးတယ်။

'ဘင်ဂျမင်ဖရင်ကလင်'

ကျွန်တော့်ပါးစပ်က မဆီမဆိုင် စကားတစ်လုံး ထွက်သွားတော့ သူက ကျွန်တော့်မျက်နှာကို နားမလည်နိုင်သလို ကြည့်ပြီး 'အင်း ...'ဟု

mgyoe.com

mgyoe.com SAMPLE BOOK

မပီမသ ရေရွတ်ရှာတယ်။ ကျွန်တော့် အမှားကို ကျွန်တော် သိပြီး အမြန် ပြင်လိုက်ရတယ်။

'ဩော် ... ဟင်းဟင်း ...၊ ဘာမှ မဟုတ်ပါဘူး။ မနေ့တုန်းက ဖတ်မိတဲ့ စာအုပ်ထဲက လူတစ်ယောက်ရဲ့ အမည်ကို အမှတ်မထင် ရေရွတ် လိုက်မိတာပါ'

ဘာမှ မဟုတ်သလို အမြန်ဖြေရှင်းပြီး အခွင့်အရေးရတုန်း တစ် ဆက်တည်းပဲ ကျွန်တော် ပြောချလိုက်တယ်။

'ခင်ဗျားဆီက အကူအညီတစ်ခု တောင်းချင်လို့ လာခဲ့တာ'

သူက ကျွန်တော့်မျက်နှာကို အတန်ကြာ ကြည့်နေပြီးကာမှ 'ရပါ တယ်။ ဘာကူညီရမလဲ ... ပြောလေ'ဟု ဆိုပါသည်။ ကျွန်တော်က လက် ငါးချောင်းကို ထောင်ပြလိုက်မည် ပြုပြီးကာမှ 'ဟာ ... မဟုတ်သေးပါဘူး' ဟု အမှတ်ရကာ လက်ကို အမြန်ပြန်ပြီး ရုပ်သိမ်းလိုက်ရသည်။

'ငွေရေးကြေးရေး အခက်အခဲရှိနေလို့ပါ'

ကျွန်တော့်စကား ဆုံးတဲ့အချိန်မှာပဲ သူ့ရှေ့မှာ ချထားတဲ့ ဆယ် လူလာ ဖုန်းက အချက်ပေးတဲ့အသံ မြည်လာတယ်။ ဒါနဲ့ သူက ဖုန်းကို ကောက်ပြီး အတန်ကြာ စကားပြောနေရပြန်တယ်။ သူ ဖုန်းဆက်တဲ့အချိန် မှာ ကျွန်တော့်အဖို့မှာတော့ အတွေးမျိုးစုံဟာ ပြေးလွှား လှည့်ပတ်နေ တော့တာပေါ့။ ကျွန်တော့် အကြံအစည်ကို ရုပ်သိမ်းလိုက်ဖို့လည်း စိတ် ကူးမိသေးတယ်။ ငွေချေးတယ်ဆိုတာ ရှိပြီးသား ခင်မင်မှုကို ပျက်ပြားစေ တာပဲ။ အထင်အမြင် သေးစေတာပဲ။ ဟာ ... ဘယ်ဖြစ်မလဲ။ ငါ့မှာ ငွေ တအား လိုနေတယ်။ အခြေအနေ ဆိုးနေတယ်။ ကလေးတွေ၊ အကြွေး တွေ၊ လုပ်ငန်းတစ်ခုခု လုပ်ဖို့။ စိတ်ကို ဖွတ်တင်းထားမိပြန်တယ်။ သည် အခြေအနေ ရောက်မှတော့ မထူးတော့ဘူးလေ။ အလုပ်တစ်ခုခု လုပ်ပြီး အမြန် ပြန်ဆပ်နိုင်ရမှာပေါ့လို့ပဲ စိတ်ကို အားတင်းထားရတယ်။

ဖုန်းဆက်ပြီးသွားတော့ 'ကဲ ... ဆိုပါဦး'လို့ သူက တိုတိုပဲ မေးရှာ တယ်။ လက်ငါးချောင်းကိုတော့ ထောင်မပြမိပါတယ်။ ပါးစပ်ကပဲ အား တင်းပြီး ပြောဖို့ ကြိုးစားလိုက်တယ်။ ဒါပေမဲ့ 'ငါး ... ငါး ...'ဟု ထစ် နေပြီး ရှေ့ဆက်မပြောနိုင်ဘဲ ဖြစ်နေပြန်တယ်။ သူက ရယ်ပြီး 'ဟာဗျာ

mgyoe.com

mgyoe.com SAMPLE BOOK

... အားနာရမယ့်လူတွေ ကျနေတာပဲ။ အပြန် ဘတ်စ်ကားခ မပါဘူး မဟုတ်လား' ဆိုကာ သူ့အိတ်ကပ်ထဲကို လက်နှိုက်ပြီး ပိုက်ဆံအချို့ကို ထုတ်ယူဖို့ ကြိုးစားနေတယ်။ အတန်ကြာမှ ငါးဆယ်တန်တစ်ရွက်ကို ဆွဲထုတ်ကာ 'ဆိုက်ကား စီးသွားဗျာ'ဟု ပိုက်ဆံကို လက်ကမ်းပေးလိုက်တယ်။ ကျွန်တော်က တစ်စုံတစ်ရာ ပြန်ပြောဖို့ ကြိုးစားနေဆဲမှာပဲ အခန်းစောင့်တဲ့ ကလေး မှန်တံခါးကို အသာတွန်းဖွင့်ပြီး အပေါက်ဝမှာ ရပ်လာတယ်။

'ဆရာ ... အာရှစနဘဏ်က ကိုယ်စားလှယ်နှစ်ဦး ရောက်နေပါတယ်။ ဆရာနဲ့ တွေ့ဖို့ ချိန်းထားပြီးသားလို့ ပြောပါတယ်'

'ဩော် ... အေးအေး၊ အထဲခေါ်ခဲ့ကွာ'

ကျွန်တော့်မိတ်ဆွေကို နှုတ်ဆက်ပြီး အမြန်ဆုံး လစ်ခဲ့ရတာပေါ့။

*'ဘုရားသခင် ... ကျွန်ုပ် ပေးရန်ရှိသည့် အကြွေးများကို သင် ပေးဆပ်လိုက်ပါတော့'*

ဘုရားသခင်ထံ စာတစ်စောင်ရေးပြီး မိုးပေါ်သို့ ကျွန်တော် ပစ်မြှောက်လိုက်ပါသည်။ ကျွန်ုပ်၏ စာသည် အထက်သို့ မြောက်တက်သွားပါသည်။ သို့ရာတွင် ကျွန်တော့်ထံသို့ ပြန်ကျလာပါသည်။ ဘုရားသခင်သည် ကျွန်တော်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူလိုဟန် မရှိချေတကား။

အဘယ့်ကြောင့်ဆိုသော် မိစ္ဆာဒိဋ္ဌိတစ်ဦးဖြစ်သော နယူတန်ဆိုသူသည် သစ်ပင်ပေါ်သို့ တက်ကာ သစ်သီးများကို ခြွေချသောကြောင့် သစ်သီးများသည် ကောင်းကင်ဘုံသို့ မရောက်ဘဲ မြေကြီးပေါ်သို့ ကြွေကျရ၏။ ထိုအချက်အတွက် ဒေါသထွက်နေသော ဘုရားသခင်သည် လူသားအားလုံးကို ဒဏ်ခတ်ထားသောကြောင့် ကျွန်တော် ရေးလိုက်သည့် စာသည် ကျွန်တော့်ထံသို့ ပြန်ရောက်လာခဲ့ရပေသည်။

သို့ရာတွင် ကျွန်တော့်ဝိညာဉ်မှာကား ကောင်းကင်ဘုံ၏ ဆွဲငင်အားကြောင့် အထက်သို့ မြင့်၍ မြင့်၍ တက်လျက်ရှိပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မခင်မိနှင့် အရှုးထွန်းသိန်း

*မခင်မိရေ ... ကိုယ်ဟာ ဒီခံစားမှုဝါဒီသမား။ ကိုယ်ဟာ ခံစားချက်တွေ ပြောင်းပြန် ပြန်ပြီး စီးဆင်းနေတဲ့ လူတစ်ယောက်။ ကိုယ်ဟာ ခံစားချက်တွေနဲ့ တွန့်လိမ် ကောက်ကွေးနေရသူ။ ခန္ဓါးပါးစလုံး ဥတု ပျက်ခဲ့တာ ကြာလှပါပြီ။*

မိတ်ဆွေ ...

မတော်တဆ ကျွန်တော့်ကို ခလုတ်တိုက်သွားမိခဲ့သော် တောင်းပန်စကား ဆိုမနေပါနှင့်။ ရှေ့ကိုသာ ဆက်ပြီး သွားပါလေ။

အပြာရောင် နေ့တစ်နေ့မှာပေါ့။ မြစ်ကမ်းပါးတစ်ခုမှာ ရပ်ပြီး အနာဂတ် နေ့တစ်နေ့ကို ကျွန်တော် လှမ်းမျှော်ကြည့်မိတယ်။ အမည်မရှိတဲ့ မြို့ကြီးတစ်မြို့ထဲက အဆုံးမရှိတဲ့ လမ်းမကြီးတစ်ခုပေါ်မှာ အမည်မရှိတဲ့ လူတစ်ယောက်အဖြစ် ကျွန်တော်ဟာ လျှောက်လှမ်းလို့။ လမ်းမကြီးကလည်း အဆုံးမရှိ။ သင်ခန်းစာတွေကလည်း အဆုံးမရှိ။ ဘဝတွေကလည်း အဆုံးမရှိ။ ရှင်သန်ခြင်းများနဲ့ သေဆုံးခြင်းများကို ဖြတ်ကျော်

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ရ။ သင်ရိုးညွှန်းတမ်း အသစ်တွေ၊ ပြဋ္ဌာန်းချက် အသစ်တွေနဲ့ လောကရဲ့ မာယာများစွာကို သင်ကြားခဲ့ရ။ ကိုယ် မသင်ယူနိုင်တဲ့ သင်ခန်းစာတွေနဲ့ ကိုယ့်ခြေရာတွေဟာလည်း နောက်မှာ များစွာ ကျန်ရစ်ခဲ့ပေါ့။ ရှေ့ဆက်လို့သာ လျှောက်ခဲ့ရပြီ။

ဟောဒီ လမ်းမကြီးဟာ ဘယ်နေရာကိုများ ရောက်မယ့် လမ်းပါလိမ့်။ တစ်နေရာရာကို ရောက်မယ့် လမ်းတစ်လမ်း ဖြစ်ချင်ဖြစ်မယ်။ ဘယ်ကိုမှ မရောက်တဲ့ လမ်းတစ်လမ်းလည်း ဖြစ်နိုင်ရဲ့။ ဆက်သွား ... ဆက်သွား။ ကိုယ့်ကိုယ်ကိုယ် မျှော်လင့်မနေသူတွေနဲ့ အထိတ်တလန့် ပြက်လုံးတွေ ရှိရာဆီ ဆက်သွားစမ်းကွယ့်။ ကိုယ့်ကို သယ်ဆောင်ဖို့ ဟောဒီလမ်းဟာ ရှိခဲ့လေသလား။ ဟောဒီလမ်းမကြီးကို သယ်ဆောင်ဖို့ ကိုယ်ဟာ ရှိခဲ့လေသလား။

ညဟာ အေးခဲလို့။ တိတ်ဆိတ်ခြင်းထဲမှာ လမင်းကြီးကို ဟောင်နေတဲ့ ခွေးအူသံကို ကြားရ။ ထွေးထုတ်ပစ်လိုက်။ မီးညှိမရတော့တဲ့ ဆေးလိပ်တို တစ်တိုကို ထွေးထုတ်ပစ်လိုက်။ အကုသိုလ်တရားတွေကို ထွေးထုတ်ပစ်လိုက်။ ဖန်ခွက်တွေထဲက ဟောင်သံတွေကို ထွေးထုတ်ပစ်လိုက်။ ခွေးလေခွေးလွင့်တစ်ကောင်က ကိုယ့်ကို ထိုးဟောင်။ မသာအိမ်လိုက်ရှာနေတဲ့ ဖဲသားက ဆေးလိပ် မီးတစ်တို့ ... တဲ့။ အို ... တကယ့်ကို ပျက်ကိန်းကြုံခဲ့ရတဲ့ ညတစ်ညပါပဲ။ ကိုယ့်နောက်ကျောမှာ ကိုယ့်မိတ်ဆွေတွေရဲ့ ဓားကို ကိုယ် စမ်းမိပါရဲ့။ ကိုယ့် အသည်းနှလုံးတည့်တည့်ကို မထိုးစိုက်နိုင်ခြင်းဟာ မောင်ရင်တို့ရဲ့ ညံ့ဖျင်းမှုပါလေ။ ဒီလိုပါပဲ။ ကံမကောင်းခြင်းတွေနဲ့ ကြုံရတဲ့အခါ ဓာတ်တိုင်တွေနဲ့ တိုးမိတိုက်မိ။ ပိုပြီး ကံဆိုးလှတဲ့ ဟောဒီညအဖို့မှာတော့ အတင်းအဖျင်းတွေနဲ့ ဝင်တိုက်ခဲ့ရပေါ့။ ထွေးထုတ်ပစ်လိုက်စမ်း။ ဟောဒီကောင် စနေသား။ သွားလေရာရာကိုမှ ကံဆိုးခြင်းတွေ လိုက်လိုက်ရှာချတတ်ပေရဲ့။ ကိုယ်ကလည်း ကိုယ်ပဲလေ။ ကိုယ်နေထိုင်တဲ့ ကမ္ဘာမြေကြီးပေါ် မူးမူးပြီး အန်ချလို အန်ချ။ အသုံးမကျတဲ့ အတ္တတွေနဲ့ ချာချာလည်အောင် မူးလား မူးရဲ့။ အို ... မှုန်ပျပျ လရောင်များနဲ့ ဟောဒီည။

မခင်မိရေ ... ကိုယ်ဟာ ခံစားမှုဝါဒီသမား။ ကိုယ်ဟာ ခံစားချက်

mgyoe.com

mgyoe.com SAMPLE BOOK

တွေ ပြောင်းပြန်ပြီး စီးဆင်းနေတဲ့ လူတစ်ယောက်။ ကိုယ်ဟာ ခံစားချက်တွေနဲ့ တွန့်လိမ် ကောက်ကွေးနေရသူ။ ခန္ဓာငါးပါးစလုံး ဥတုပျက်ခဲ့တာ ကြာလှပါပြီ။ လမ်းဟာ ဘယ်မှာဆုံးသွားပါလိမ့်။ ကိုယ့်ခံစားချက်တွေ မဆုံးသေးဘူး။ ကိုယ့်အတွေးတွေ မဆုံးသေးဘူး။ နောက်ဆုံးတော့ ညကမှောင်မည်းလို့။ မိုးကြိုးမုန်တိုင်းတွေ ဝုန်းဒိုင်း ထစ်ချုန်းသံ ကြားရ။ အမှောင်ထုထဲ အတင်းဝင်ရောက် ထိုးဖောက်လာတဲ့ လျှပ်စစ်အလင်းတန်းတစ်ခုကြား တောင်ထိပ်တစ်ခုမှာ ရပ်နေတဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မြင်လိုက်ရ။

'မေမေ ... မေမေ ... မေမေရေ ...'

အမေမှတစ်ပါး ဘာမှ မတမ်းတတတ်သေးတဲ့ ကာလပါပဲ။ အဲဒီတုန်းက ကျွန်တော့် အိပ်မက်ကမ္ဘာထဲ မခင်မိ ဝင်ရောက်မလာသေးပါဘူး။ မခင်မိ အစား ကျွန်တော့် အိပ်မက်တွေထဲမှာ ဖိနပ်တွေသာ ခဏခဏ ပျောက်ဆုံးဖူးခဲ့။ အခုတော့ ဖိနပ်မပါတဲ့ ကမ္ဘာကြီးဟာ ကျွန်တော့်ကျောပေါ်မှာ ကောင်းကောင်းကြီး လမ်းလျှောက်တတ်ခဲ့ပေါ့။

'ရှင်ဟာ အရူးပဲ'

'ကျွန်တော် လူကောင်းတစ်ယောက်ပါ မခင်မိရယ်'

'ရှင် အခု လုပ်နေတာတွေဟာ အရူးတွေမှ လုပ်ကြတဲ့ အပြုအမူပဲ'

'စိတ်ချရလောက်တဲ့ လုံခြုံမှုထဲမှာ လူကောင်းတွေ ဆိုတာလည်း အရူးတွေလို လုပ်ကြတာပဲ မဟုတ်လား။ ကျွန်တော့်ကို မတော်တဆ မွေးဖွားလိုက်တာ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ကျွန်တော်ဟာ မတော်တဆ အသက်ရှင်နေတာ မဟုတ်ပါဘူး။ မခင်မိကို ပိုင်ဆိုင်ဖို့ ကျွန်တော့်မှာ ဘာကြောင့် အခွင့်အရေး မရှိရမှာလဲ'

'အို ... ရှင်ဟာ အရူးပဲ။ အရူးပဲ'

မခင်မိကို ကျွန်တော် ချစ်တယ်။ မခင်မိက ကျွန်တော့်ကို ပြန်မချစ်ဘူး။ ဒါမှမဟုတ် ကျွန်တော့်ကို ပြန်ချစ်နိုင်ဖို့ မခင်မိမှာ အခွင့်အရေး မရှိဘူး။ ဘာပဲဖြစ်ဖြစ် မခင်မိကို ကျွန်တော် ချစ်တယ်။ မခင်မိရေ ... မင်း တစ်ဘဝလုံး ကြေကွဲကျန်ရစ်ရအောင်ဆိုပြီး ငါ့ကိုယ်ငါလည်း အဆုံးမစီရင်ရဲခဲ့ဘူးကွယ့်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အိပ်မက်တွေထဲမှာ ဖိနပ်တွေ ခဏခဏ ပျောက်ဆုံးတယ်။ မခင်မိ ခဏခဏ ပျောက်ဆုံးတယ်။ ဖိနပ်အသစ် ဝယ်ပြီးစ ညတွေမှာဆို ပိုပြီး ဖိနပ်ပျောက်တဲ့ အိပ်မက်တွေ မက်တတ်ရဲ့။ မခင်မိကိုတော့ ကျွန်တော် မဝယ်နိုင်ခဲ့ပါဘူး။ တကယ်တော့ မခင်မိဟာ ကျွန်တော် ဝယ်စီးခွင့် မရလိုက်တဲ့ ဖိနပ်တစ်ရန်ပါ။ မခင်မိနဲ့ ဖိနပ်ဟာ အိပ်မက်ထဲမှာ ညတိုင်းလို ကျွန်တော့်ကို ညှဉ်းဆဲတယ်။ ရုရှနိုင်ငံသား အာရုံကြော ရောဂါဗေဒ ပညာရှင် ဒေါက်တာဗာစီလီကာဆတ်ကင်ရဲ့ အိပ်မက်အယ်လ်ဘမ်ကျမ်း မှာတော့ သည်အိပ်မက်မျိုးနဲ့ ပတ်သက်ပြီး ဘယ်လို အဓိပ္ပာယ်ဖွင့်ဆို ထားမယ်ဆိုတာ ကျွန်တော် မသိပါ။

မခင်မိက ကျွန်တော့်ကို အရူးတဲ့။ အရူး ထွန်းသိန်းတစ်ယောက် မခင်မိရဲ့ ရှေ့တော်မှောက်က ဝုန်းဆို ကွယ်ပျောက်သွားပြီး နှစ်ပေါင်း ၃၀ နီးနီး အကြာမှာ အဝေးပြေးကားကြီး တစ်စင်းပေါ်ဝယ် ပြန်တွေ့ကြ တယ်။ ကားတစ်စင်းပေါ် ဆိုပေမဲ့ အတိအကျ ပြောရရင်တော့ ကားရပ် ထားတဲ့ လမ်းဘေးတစ်နေရာမှာပါ။ ဟိုတစ်ချိန်တုံးက သူ့ဘဝရဲ့ အနာဂတ် ကို လှမ်းမျှော်ကြည့်ခဲ့ဖူးတဲ့ ကောင်လေး။ နောက်ကျစွာ တွေ့ရပြီးမှ မခင်မိကို အရူးအမူး စွဲလမ်းမိတဲ့ ငနဲသား။ အခုတော့ မခင်မိဟာ အို ဟောင်းခဲ့ပါပြီ။ မခင်မိနှင့် ထိုတူ နုပျိုမှုတွေ ပျောက်ဆုံးခဲ့ပေမဲ့ ဒီကောင် က ရှာရွှန်စတုန်းကို လက်ထပ်ချင်သေးတယ်။ မခင်မိအကြောင်း အိပ် မက် မမက်တော့ဘူး။ အိပ်မက်ထဲမှာ ဖိနပ် မပျောက်တော့ဘူး။

'အရူး ထွန်းသိန်းလေ'

'ရှင် ... အရူး'

စက်ချွတ်ယွင်းသွားတဲ့ မော်တော်ကား ပြင်နေဆဲခဏ သစ်ပင်ရိပ် တစ်ခုအောက်မှာ တစ်ယောက်တည်းရပ်နေတဲ့ အမျိုးသမီးဟာ မခင်မိ ပဲဆိုတာ သေချာမှုရှိအောင် ကျွန်တော့်အာရုံကို စစ်ဆေးပြီးမှ အနားကို အရောက်သွားပြီး နှုတ်ဆက်မိတာပါ။ လန့်ပြီး ခြေတစ်လှမ်း နောက်ဆုတ် သွားတဲ့ မခင်မိကို မလှမပ ပြုံးပြမိသေးသလား မသိ။ မခင်မိက မသိ မသာ ခြေတစ်လှမ်း နောက်ကို ဆုတ်တယ်။ အရူး ထွန်းသိန်းက မသိ မသာ ခြေတစ်လှမ်း ရှေ့ကို တိုးတယ်။ သူ့ကိုယ်သူ အရူးတစ်ယောက်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ပြောလာတဲ့ လူတစ်ယောက်နဲ့ အမှတ်တမဲ့ ဆုံတွေ့ရတဲ့အခါ ဘယ်သူပဲ ဖြစ်ဖြစ် အနည်းနဲ့ အများ တုန်လှုပ်သွားမှာပါပဲ။ မိန်းမတစ်ယောက်အဖို့ ပိုပြီး တုန်လှုပ်သွားမှာပေါ့။ မခင်မိဟာ အရင်လို မနုပျိုတော့ပေမဲ့ အရင်က အလှတွေ မပျောက်ဆုံးသေးပါဘူး။ သူမရဲ့မျက်နှာဟာ အံ့ဩ ထိတ်လန့်သွားမှုကြောင့် ငယ်မူငယ်သွေးတောင် ပြန်ပေါ်လာသလိုပါပဲ။

'ထွန်းသိန်းလေ။ အရူး ထွန်းသိန်း။ မခင်မိရဲ့ အရူး ထွန်းသိန်းပါ။ မမှတ်မိတော့ဘူးလား'

'ဩော် ...'

မခင်မိကို ကျွန်တော် စတွေ့တာ မခင်မိ မင်္ဂလာဆောင်တဲ့နေ့ကပါ။ မင်္ဂလာပွဲဝတ်စုံ အဝတ်အစားတွေ၊ မိတ်ကပ်တွေနဲ့ မဟုတ်သေးပါဘူး။ ကျွန်တော်က မိတ်ကပ်တွေ၊ ဘာတွေ လိမ်းပြီးရင် မိန်းမတစ်ယောက်ရဲ့ အလှကို မြင်အောင်ကြည့်ဖို့ ခဲယဉ်းတတ်တယ်။ ရိုးရိုး အရပ်ဝတ်နဲ့ဆိုရင် တော့ မိန်းမတစ်ယောက်ရဲ့ အလှကို အလွယ်တကူပဲ ရှာဖွေတွေ့ရှိနိုင်သူ ပါ။ မခင်မိနဲ့ တွေ့ရတဲ့ အကြောင်းရင်းကတော့ လုပ်ကိုင်မစားဘဲ တတ် မြောက်ထားတဲ့ ဓာတ်ပုံပညာကြောင့်ပါပဲ။ မင်္ဂလာဆောင်မယ့်နေ့ မနက် စောစောကြီးမှာ သူငယ်ချင်းဆိုလည်း ဟုတ်၊ ဆရာသမားဆိုရင်လည်း ဟုတ်တဲ့ ဓာတ်ပုံဆရာ ကိုစန်းမောင် ကျွန်တော့်အိမ် ရောက်လာပြီး တာဝန် တစ်ခု ပေးတယ်။

'ငါ အရေးကြီးတဲ့ ကိစ္စနဲ့ ခရီးသွားစရာ ကြုံလာလို့ ဒီနေ့ မင်္ဂလာ ဆောင်အတွက် ဓာတ်ပုံရိုက်ပေးစမ်းပါ။ မင်္ဂလာဆောင်ကတော့ အခု မနက်ပဲ။ သတို့သမီးအိမ်သွားပြီး အကျိုးအကြောင်းပြောရင်း အစီအစဉ် သွားမေးပါ။ ဒီမိသားစုက ငါနဲ့ တအားရင်းနှီးတာ။ ဆွေမျိုးသားချင်းလို နေကြတာ။ ပျက်ကွက်လို့ မဖြစ်ဘူး'တဲ့။

အဲဒီညက တစ်ညလုံးပဲ ကျွန်တော် ငိုတယ်။

ညနေခင်းက ရိုက်ထားတဲ့ ပုံတွေထဲက အကြိုက်ဆုံးပုံကို မခင်မိ တစ်ယောက်တည်း ကွက်ပြီး ပုံအကြီးကြီးတစ်ပုံ အမြန်ကူးတယ်။ မခင်မိ ရဲ့ ပုံကို ပုံတူပန်းချီ ရေးဆွဲတယ်။ တူအောင် မဆွဲနိုင်လို့ စိတ်ပျက်ပြီး ကဗျာတွေ ရေးပြန်တယ်။ ကဗျာလည်း မရေးဖူးတော့ ဦးပဉ္စင်း ဦးသုမန

mgyoe.com

mgyoe.com SAMPLE BOOK

ရေးထားတဲ့ ဘုန်းကြီးပျံ ရတုပိုဒ်စုံ အလိုက်တိုင်း ရေးရတာပေါ့။ ကဗျာလည်း ဖြစ်မလာပါဘူး။ ကိုယ့်ဗိုက်ကို ဓားနဲ့ထိုးပစ်ဖို့လည်း ကြိုးစားမိသေးတယ်။ နောက်ဆုံးတော့ ရင်ထဲရှိတဲ့ စကားလုံးတွေပဲ ချရေးမိတော့တယ်။

အိမ်ထဲမှာ ဘယ်လိုမှ နေလို့မရတော့တာနဲ့ မြို့ရဲ့မြောက်ဘက် သဲချောင်းထဲ သွားအိပ်နေမိတယ်။ စိတ်ကူးယဉ်ချင်စရာ လမင်းကြီးက ထိန်ထိန်သာမနေပါဘူး။ မှောင်ကြီး မည်းမည်းထဲရယ်။ ဂစ်တာလည်း မတီးတတ်တာနဲ့ ရသမျှ သီချင်းတစ်ပိုင်းတစ်စတွေကိုပဲ စည်းလွတ် ဝါးလွတ် အော်ဆိုမိတော့တယ်။ နေ့ခင်းက ပုံရိပ်တွေက အာရုံထဲမှာ တဖျပ်ဖျပ် ထင်ဟပ်နေတယ်။ မခင်မိကို တွေ့တွေ့ချင်းပဲ ငါ့တစ်ဘဝလုံး အဖတ်ဆယ်မရအောင် ရှုံးရတော့မယ်ဆိုတာ သိလိုက်ပါပြီ။ မခင်မိ ဘယ်လိုချောတယ်၊ ဘယ်လို လှတယ်၊ ဘယ်လို ယဉ်တယ် ဆိုတာတွေ ပြောမနေပါရစေနဲ့တော့။ ပြောလည်း မပြောတတ်ပါဘူး။ မခင်မိဟာ ချောတာ၊ လှတာ၊ ယဉ်တာ မှန်ပေမဲ့ ကျွန်တော့်ကို အရှုံးတစ်ယောက်ဘဝ ရောက်အောင် ဓာတ်ပုံဆရာ ကိုစန်းမောင်က ဖန်တီးလိုက်တာလား။ မခင်မိက ဖန်တီးလိုက်တာလား။ ဘုရားသခင်က ဖန်တီးလိုက်တာလား။ ကောက်ကွေ့လှတဲ့ ကံကြမ္မာတရားကြီးကပဲ ဖန်တီးလိုက်တာလား။

ဓာတ်ပုံအကြောင်း ပြောဖို့လာတာ ဖြစ်ပေမဲ့ မခင်မိနဲ့ ဆုံရတဲ့အခါ အလုပ်အကြောင်း ဘာမှ ရေရေရာရာ မပြောနိုင်ဘူး။ အထစ်ထစ် အငေါ့ငေါ့နဲ့ အလွဲလွဲ အမှားမှားတွေချည်း ပြောမိတယ်။ ဧည့်ခန်းထဲမှာ နှစ်ယောက်တည်းမို့ တော်သေးရဲ့။ စာရွက်ပေါ်မှာ မခင်မိ ပေးလိုက်တဲ့ စရန်ငွေနဲ့ လုပ်ငန်းအစီအစဉ်ကို ရေးရမှာဖြစ်ပေမဲ့ ဘာမှ မရေးမိဘူး။ မခင်မိဆိုတဲ့ အမည်တစ်ခုတည်းကိုပဲ ရေးမိတယ်။ မင်္ဂလာ အခမ်းအနားမှာလည်း အူကြောင်ကြောင် အရုပ်ဆိုးတာတွေ ခဏခဏ ကြုံရပြန်တယ်။ ဓာတ်ပုံတွေက လှလှပပနဲ့ အပျံစားဖြစ်မှာကတော့ သေချာတယ်။ အနေအထား အမျိုးမျိုးနဲ့ မခင်မိရဲ့ အနီးကပ်ပုံတွေ လိုအပ်တာထက် များနေမှာလည်း သေချာတယ်။

ဓာတ်ပုံတွေကိုတော့ ကိုစန်းမောင် လာမှ သွားပေးခိုင်းရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် မသွားရဲဘူး။ မသွားဘဲလည်း မနေနိုင်ဘူး။ ဒါနဲ့ ကိုစန်းမောင် နောက်က ကပ်လိုက်သွားမိတယ်။ တော်ပါသေးရဲ့။ ကျွန်တော် စကား တစ်ခွန်းမှ ပြောစရာ မလိုဘူး။ လစ်ရင် လစ်သလို မခင်မိကိုပဲ ခိုးခိုး ကြည့်မိတယ်။

ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် သိပါရဲ့။ သိပ်ကို နောက်ကျခဲ့ပြီဆိုတာ ကျွန်တော် သိပါရဲ့။ ဒါပေမဲ့ မခင်မိကို ကျွန်တော် အရူးအမူး ချစ်မိပြီ။ မမြင်ရ မနေနိုင်အောင် ချစ်မိပြီ။ မဖြစ်နိုင်မှန်းသိတဲ့ ထဲကကိုပဲ မျက်နှာလေး မြင်ရ မြင်ရဆိုတဲ့ အတွေးနဲ့ ရင်းနှီးမှုရအောင် ကြိုးစားမိတော့တယ်။ လူ့ယဉ်ကျေးမှုအရ ကျင့်ဝတ်မသင့်တော်တဲ့ ကိစ္စ မို့ ရုပ်ပျက်ဆင်းပျက် မဖြစ်အောင် ကိုယ့်စိတ်ကို ချိုးနှိမ်ပါတယ်။ ခင်မင် ရင်းနှီးမှုနှင့် တွေ့ဆုံ ဆက်ဆံနေရရင်ပဲ ဖြေသာပါပြီဆိုတဲ့ အတွေးနဲ့ ကိုယ့်ဆန္ဒကို မခင်မိ မသိအောင် ထိန်းသိမ်းပါတယ်။ ဒါပေမဲ့ မခင်မိ ရေ ... ခွေးရူးတစ်ကောင်ဟာ သူ့ကိုယ်သူ မရူးပါဘူးလို့ ဘယ်လောက်များ ကြာအောင် ဖုံးဖိထားနိုင်မှာလဲ။ ကျွန်တော် ရူးပြီ မခင်မိရေ ...။ ထွန်းသိန်း တစ်ယောက်တော့ ရူးပေါ့။

ကျွန်တော့် မျှော်လင့်ချက်ရောင်ခြည် သမ်းလာတာလား၊ ပိုပြီး ရူးအောင် ဖန်တီးလိုက်တာလားတော့ မသိ။ မခင်မိဟာ သူ့ယောကျ်ား ရှိတဲ့ ရန်ကုန်မြို့ကြီးကို လိုက်သွားဖို့ ကြိုးစားနေဆဲ ကာလမှာပဲ သူ့ ယောကျ်ားက နိုင်ငံခြားကို ပညာသင် စေလွှတ်ခံရတယ်။ လက်ထပ်ပြီး ၄ လလောက်တောင် မကြာသေးပါဘူး။

အိမ်ကို အဝင်အထွက် သိပ်လုပ်လို့ မသင့်တော်တာနဲ့ ခဏခဏ မသွားပါဘူး။ ခိုင်လုံတဲ့ အကြောင်းပြချက် တစ်ခုခုရှိမှ သွားတယ်။ မမျှော်လင့်ဘဲ အကြောင်းပြချက် တစ်ခုခုရှိမှ သွားတယ်။ မမျှော်လင့်တဲ့ တွေ့ဆုံမှုကလေးတွေ ဖြစ်အောင် တမင် ဖန်တီးတယ်။ အကောင်းဆုံး အခွင့်အရေးတစ်ခု ရခဲ့တာကတော့ အထက်မြန်မာပြည်အနှံ့ မခင်မိတို့ မိသားစုနဲ့အတူ ဘုရားဖူးလိုက်ပါခွင့် ရခဲ့ခြင်းပါပဲ။ သည်ကိစ္စမှာလည်း ကိုစန်းမောင်ရဲ့ကျေးဇူး မကင်းပေဘူး။ ကိုစန်းမောင် ပါလို့ လိုက်ခွင့်ရခြင်း ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းခရီးတစ်လျှောက် နှစ်ယောက်တည်း ဆုံခွင့်ရတိုင်း ကျွန်တော့် စိတ်အခြေအနေမှန်ကို မခင်မိ သိအောင် ထုတ်ဖော်ဖို့ ကြိုးစားမိတယ်။ သံယောဇဉ်နဲ့ အကြင်နာတရားတွေ ပြသခွင့်ရတိုင်း မနှောင့်မနှေး သက်သေပြမိရဲ့။ စစ်ကိုင်းတောင်ရိုး ဥမင်သုံးဆယ် လိုဏ်ဂူထဲမှာ မခင်မိရဲ့ လက်ဖျားကလေးကို ကိုင်ခွင့်ရတယ်။ မင်းဘူးကနေ မန်းရွှေစက်တော်ရာကို သွားကြတော့ မခင်မိရဲ့ပါးစပ်ထဲ ဖုန်တွေ မဝင်အောင် ကျွန်တော့် လက်ကိုင်ပဝါလေး ထုတ်ပေးခွင့် ရတယ်။ မုန်းချောင်းထဲမှာ ရေချိုးကြတော့ မခင်မိ ခြေထောက်ကို ပွတ်တိုက်ဖို့ သဲဖြူဖြူနုနုလေးတွေ ကျုံးပေးခွင့် ရတယ်။ သည်အချိန်မှာ မခင်မိသာ ရေမကူးတတ်လို့ ရေနစ်ခဲ့ရင် သူ့တစ်ကိုယ်လုံးကို ပွေ့ဖက်ခွင့်ရမှာပဲလို့ စိတ်ကူးယဉ်မိရဲ့။ ဒါပေမဲ့ ချောင်းရေက တိမ်တိမ်လေးရယ်။ အထက် စက်တော်ရာကို တက်ကြတော့ နှစ်ယောက်တည်း နောက်ကျန်နေတယ်။

'မခင်မိကို ကျွန်တော် ချစ်တယ်'

'ရှင် ...'

အထက် စက်တော်ရာ ထိပ်ဖျားကနေ ပြေးဆင်းသွားတဲ့ မခင်မိဟာ ကျွန်တော့်မျက်စိရှေ့က မကွယ်ပျောက်ခင်မှာပဲ နှစ်ကြိမ်၊ သုံးကြိမ် တလိမ့်ခေါက်ကွေး လဲကျသွားတာ မြင်လိုက်မိရဲ့။ ကမ္ဘာပျက်ပြီ။ တောင်ထိပ်ပေါ်က ခုန်ချလိုက်ဖို့ တွေးမိသေးရဲ့။ ဒါပေမဲ့ မခင်မိက ယဉ်ကျေးပါတယ်။ အထက်တန်းလွှာ ပညာတတ် အမျိုးသမီးတစ်ယောက် ပီသပေတယ်။ ကျွန်တော်တို့ ပြဿနာကို ရေငုံနှုတ်ပိတ် တိတ်ဆိတ်နေတယ်။ အများရှေ့မှာ ဣန္ဒြေ လုံးဝမပျက်ဘူး။ ဘုရားဖူး ခရီးလမ်းတစ်လျှောက်မှာတော့ မခင်မိ မျက်နှာကို ကျွန်တော် လုံးဝ မကြည့်ရဲတော့ပါဘူး။ ဒါပေမဲ့ အကြိမ်ကြိမ် ထပ်ပြီး ကျွန်တော် မှားမိပြန်တယ်။ အခြေအနေကို ဘာမျှမရိပ်မိရှာတဲ့ မခင်မိ မေမေကလည်း ကိစ္စရှိတိုင်း ကျွန်တော့်ကို ခေါ်ခေါ်ခိုင်းတတ်တာကြောင့် ကျွန်တော့်အတွက် ရှေ့ဆက်ပြီး မိုက်မဲဖို့ အခွင့်အရေးရသလို ဖြစ်နေပြန်တော့တယ်။ အခွင့်အရေး ရတိုင်းလည်း မခင်မိထံမှ ချစ်ခွင့်ကိုရဖို့ ကျွန်တော် တောင်းဆိုမိတော့တာပါပဲ။ ဒီလို တောင်းဆိုတာကို ရှောင်လွှဲမရလို့ ကြုံရလေတိုင်း မခင်မိရဲ့ တုံ့ပြန်မှုက

mgyoe.com

mgyoe.com SAMPLE BOOK

တော့ 'ရှင် အရူးပဲ'တဲ့။

ကျွန်တော်တို့မြို့ရဲ့ အရှေ့မြောက်အရပ်မှာရှိတဲ့ တောင်တော်မြတ်ဟာ ကြည့်လို့ အလွန်လှပတယ်။ ပုံစံသွန်းပြီး ထုလုပ်ထားသလို သေသပ်တယ်။ တောင်ရဲ့ အနောက်ဘက်တစ်ဝန်း ကွေ့ကောက် စီးဆင်းနေတဲ့ ချောင်းကမ်းနံဘေး ကြက်သွန်ခင်းတွေထဲက လှမ်းမျှော်ကြည့်ရတဲ့အခါ ကမ္ဘာပေါ်မှာ (ဓာတ်ပုံကားချပ်တွေထဲ မြင်ရဖူးသမျှ) အလှဆုံး တောင်တစ်တောင်လို့ပင် ဆိုနိုင်လောက်တယ်။

တောင်ထိပ်ဖျားထိ ကျွန်တော် တက်ပြီး စေတီတော်မြတ် နံဘေးက ကျောက်တုံးတိုင်းမှာ 'မခင်မိကို ကျွန်တော် ချစ်တယ်'ဆိုတဲ့ စာတန်းတွေကို ထုံးဖြူဖြူနဲ့ ရေးတယ်။ တောင်ထိပ်ဖျားက သစ်ပင်တိုင်းမှာလည်း အဲဒီစာကြောင်းတွေကို ဆောက်နဲ့ ရေးထွင်းတယ်။ အဲဒါတွေကို ဓာတ်ပုံရိုက်ပြီး မခင်မိကို ပေးတယ်။

မခင်မိတို့ဖေဖေ သေဆုံးတဲ့ ၅ နှစ်မြောက် ရက်လည်ဆွမ်း ကျွေးဖို့ ပြင်ဆင်ချက်ပြုတ်နေတဲ့ ညမှာပေါ့။ မခင်မိ မေမေက သူ့ညီမ တစ်ယောက်နဲ့ ဘုန်းကြီးကျောင်း သွားကြတယ်။ တိုက်အောက်ထပ်မှာ ကလေးနှစ်ယောက်၊ သုံးယောက် ကစားနေကြတယ်။ ကျွန်တော်ကတော့ မခင်မိမေမေရဲ့ ခိုင်းစေချက်အရ အပြင်မှာ ချက်ပြုတ်နေတဲ့နား ရောက်လိုက်၊ လိုအပ်တာ ထုတ်ပေးလိုက်နဲ့ အလုပ်ရှုပ်နေတယ်။ တကယ်တော့ ကျွန်တော့် အာရုံဟာ တိုက်အပေါ်ထပ်မှာ တစ်ယောက်တည်းရှိနေတဲ့ မခင်မိဆီ ရောက်နေတာပါ။

မခင်မိရဲ့ ဝမ်းကွဲအစ်ကို ကိုသန်းအောင် အပြင်ခဏ ထွက်သွားတယ်။ ချက်ပြုတ်နေတဲ့ လူတွေလည်း ကိုယ်စီ အလုပ်ရှုပ်နေကြတယ်။ အပေါ်ထပ်ကို ခြေဖွပြီး ကျွန်တော် တက်ခဲ့တယ်။ မခင်မိ အခန်းရှေ့ရောက်တော့ အသက်ပြင်းပြင်း မရှူရဲဘူး။ ခဏ ရပ်နေလိုက်ရတယ်။ တံခါးပေါက် စေ့မထားဘူး။ လှပ်ထားတယ်။ သက်ပြင်းကို မှုတ်ထုတ်၊ အရဲစွန့်ပြီး အခန်းဝရှေ့ ကျွန်တော် ရပ်လိုက်တယ်။ ကျွန်တော် အခန်းဝရှေ့ ရပ်လိုက်ချင်းပဲ ပက်လက်လှန် လှဲနေရာက ငုတ်တုတ်ထထိုင်တယ်။ ဘာမျှ မပြောနိုင်ဘဲ မခင်မိဟာ အံ့အားသင့် ငေးမောနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'အနှောင့်အယှက်ပေးဖို့ လာတာ မဟုတ်ပါဘူး။ မခင်မိရဲ့ လက်ဖျားကလေးကို ကိုင်ကြည့်ရပြီးရင် ကျွန်တော် အောက်ပြန်ဆင်းသွားပါ့မယ်'

'ရှင် ... အရူးပဲ'

ကျွန်တော် ရှေ့ကို တိုးသွားတယ်။

'ရှင် ... ရှင် ... အော်လိုက်မယ်နော်'

မခင်မိက ခုတင်ခြေရင်းကတစ်ဆင့် ကြမ်းပေါ် လျှောဆင်းသွားတယ်။ အရူး ထွန်းသိန်းက ရှေ့ကို ခြေတစ်လှမ်းတိုးတယ်။ မခင်မိက နောက်ကို ခြေတစ်လှမ်းဆုတ်တယ်။ လျှို့ဝှက်ယူဆောင်လာတဲ့ ဓားမြှောင်ကို ခါးကြားမှ ကျွန်တော် ဆွဲထုတ်လိုက်တယ်။

'ရှင် ... ရှင် ...'

သည်ဓားဟာ မခင်မိအတွက် မဟုတ်ပါဘူး။ ကျွန်တော့် ရင်ဝကို တည့်တည့်ထိုးစိုက်ဖို့ပါ။ ကျွန်တော့်ဆန္ဒ မပြည့်ဝဘူးဆိုရင် သည်အခန်းထဲမှာပဲ သည်ဓားနဲ့ ကျွန်တော် သေမယ်'

'ရှင် အရူးပဲ ... အရူးပဲ'

မခင်မိ စကားကို ကျွန်တော် နားမထောင်။ သူမကို ကျောခိုင်း။ ရင်ဘတ်ကို နံရံကပ်။ ဓားသွားကို ရင်ဘတ်ထဲ ထိုးထည့်။ ကျွန်တော့် ပါးစပ်က နှုတ်ခမ်းလှုပ်ရုံမျှ တစ်စုံတစ်ရာကို ရွတ်ဆိုမိ။ ဘာတွေ ရွတ်ဆိုမိမှန်း ကိုယ့်ကိုယ်ကိုယ်ပင် မသိ။

'ရှင် အဲဒါကို ရပ်လိုက်ရင် နားလည်မှုတစ်ခု ယူမယ်'

သူမဘက် ပြန်လှည့်ပြီး စိမ်းစိမ်းကြည့်မိ။ ရင်ဘတ်ကို နံရံမှ ခွာ၊ သူမဘက် ပြန်လှည့်၊ ဓားဖျားတွင် စို့နေသော သွေးကို နှုတ်ခမ်းနဲ့ စုပ်ယူ၊ မှင်တက် ငေးမောနေတဲ့ သူမ ပခုံးနှစ်ဖက်ကို ရုတ်တရက် ပွေ့ဖက်မိ။

'မဟုတ်ဘူး ... မဟုတ်ဘူး။ ကျွန်မ ပေးမယ့် နားလည်မှုဟာ အဲဒါ မဟုတ်ဘူး။ ရှင် ... လွှတ်'

'ကျွန်တော် ရူးပြီ။ တကယ့်ကို ရူးနေပါပြီ မခင်မိရယ်'

ပခုံးနှစ်ဖက်ကို အတင်းဆွဲယူပြီး မခင်မိ နှုတ်ခမ်းကို နမ်းဖို့ ကြိုးစားတယ်။ ညာဘက် လက်မှာ ကိုင်ထားတဲ့ ဓားက မခင်မိ ကျောပြင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကန့်လန့်ဖြတ်လျက်။

'လွတ် ... လွတ် ... ရှင် ... လွတ်နော်'

'အား ...'

ကျွန်တော့် မျက်လုံးတွေ ပြာဝေသွားတယ်။ မူးမေ့ပြီး လဲကျသွားတယ်။ သဲသဲကွဲကွဲ မမြင်ရတော့။ သဲသဲကွဲကွဲ မကြားရတော့။ လေ့ကားမှ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးတက်လာသံတွေပဲ မသဲမကွဲ ကြားရပြီး မေ့မြော သွားတော့တယ်။

လူအများ ဝိုင်းဝန်း ရိုက်လိုက်တဲ့ ဒဏ်ချက်နဲ့ ဆေးရုံပေါ် တစ်ရက်ကျော်ကြာမှ သတိရခဲ့တယ်။ ရက်စရာကောင်းလိုက်တာ။ အခု ကျွန်တော် ရက်တတ်နေပါပြီ။ ဟောဒီမြို့လေးမှာ ရက်စရာအကောင်းဆုံး လူတစ်ယောက် ဖြစ်ခဲ့ပါပြီ။ 'မခင်မိနဲ့ ဘဝဆက်တိုင်း ပေါင်းရပါစေသား' လို့ ကျွန်တော် အမြဲပဲ ဆုတောင်းခဲ့တဲ့ တောင်ထိပ် စေတီမြတ်ကလေး တစ်ဝိုက်မှာ ရက်စရာတွေ ပျံ့ဝဲနေပါပြီ။ တောင်ထပ်က ကျောက်တုံးတွေ၊ သစ်ပင်တွေ တစ်ဝိုက်မှာ ကျွန်တော့်အကြောင်း မကောင်းဆိုးဝါး သတင်းတွေနဲ့ ရက်စရာတွေ ပျံ့ဝဲနေပါပြီ။ မခင်မိ နာမည်ကို အော်အော်ခေါ်ရင်း ကျွန်တော် ငိုကြွေးခဲ့တဲ့ သဲချောင်း ရေပြင်တစ်ဝိုက်မှာလည်း ထို့အတူပဲပေါ့။ လူစည်ကားတဲ့ ငါးရက် တစ်ကြိမ် ခင်းကျင်းရာ ဈေးထဲမှာ၊ ရုပ်ရှင်ရုံထဲမှာ၊ လက်ဖက်ရည်ဆိုင်တွေထဲမှာ၊ မြင်းလှည်းဂိတ်မှာ၊ လမ်းမကြီးတွေပေါ်မှာ၊ အရက်ဆိုင်တွေထဲမှာ ကျွန်တော့်အကြောင်း ပြောဆိုရယ်မောကြ၊ စားကြသောက်ကြ၊ သွားကြလာကြနဲ့ မြို့ကလေးဟာ ရက်ပေါင်းများစွာ အပျင်းပြေနေဦးမှာပေါ့။

ကျွန်တော် တစ်ယောက်တည်း အရှက်ရခဲ့တာကိုပဲ ကြံဖန် ကျေးဇူးတင်နေမိတော့တယ်။ မုဆိုးမ မိခင်အိုကြီးသာ ခုချိန်ထိ ရှိနေသေးခဲ့ရင် ကျွန်တော့်အတွက် ဘယ်လောက်များ ရက်လိုက်မလဲ။ တစ်ကောင်ကြွက် တစ်ယောက်အဖြစ် မဟုတ်ဘဲ ညီအစ်ကို မောင်နှမတွေသာ ရှိခဲ့ရင် ... ကျွန်တော့်အတွက် သူတို့ ဘယ်လောက် ရက်လိုက်ကြမလဲ။ အားလုံးအတွက် ကျေးဇူးတော်အနန္တပါ ဘုရားသခင်။

ဆင်းရက် မစေ့ခင် ညတစ်ညမှာပဲ ဆေးရုံပေါ်က ကျွန်တော် ထွက်

mgyoe.com

mgyoe.com SAMPLE BOOK

ပြေးခဲ့တယ်။

နှုတ်ဆက်ခဲ့ပါတယ် မခင်မိရယ်။ ကျွန်တော့် ဘဝ၊ ကျွန်တော့် သိက္ခာ၊ ကျွန်တော့် ကိုယ်ကျင့်ရား၊ ကျွန်တော့် နှလုံးသား ... အားလုံး ပြိုကွဲခဲ့ရတဲ့ ဟောဒီမြို့ကလေးကို နေ့ခင်းကြောင်တောင် မျက်နှာပြောင် တိုက်ပြီး နှုတ်မဆက်ရဲလို့ ညကြီးသန်းခေါင်မှာ ကျွန်တော် ထွက်ပြေးသွား ပါပြီ။ သည်အချိန်ဆို မခင်မိ အိပ်ပျော်နေရောပေါ့။ မှောင်မည်း တိတ် ဆိတ်နေတဲ့ လမ်းမကြီးတစ်လျှောက်မှာ တိတ်ဆိတ်ကြေကွဲစွာ ကျွန်တော် ငိုတယ်။ မခင်မိရဲ့ အခန်းပြတင်းပေါက်နဲ့ တည့်တည့် ဓာတ်တိုင်ကြီးလေ။ မခင်မိကို မမြင်ရတာ ကြာတဲ့အခါ လျှပ်စစ်ရုံးက မီးပြင်သမား ကိုဗန်းကြီး နဲ့ ပေါင်းပြီး မီးပြင်ချင်ဟန်ဆောင်ကာ တက်တက်ထိုင်နေခဲ့တဲ့ ဓာတ် တိုင်ကြီးပေါ့။ အဲဒီဓာတ်တိုင်ကြီးကို ဖက်ပြီးတော့လည်း ကျွန်တော် ငိုမိ သေးရဲ့။ မြို့မြောက်ဘက်က သဲချောင်းကလေးကို ရောက်တော့ မခင်မိ နဲ့ ပထမဆုံး တွေ့တဲ့နေ့က မြင်ကွင်းတွေ အားလုံးကို ပြန်ပြီး သတိရမိ ပြန်ရော။ အခုတော့ အားလုံးဟာ ပြီးဆုံးခဲ့ပြီ။

ကျွန်တော် သွားပြီ မခင်မိ။

ဟောဒီလမ်းဟာ တစ်နေရာရာကို ရောက်မယ့် လမ်းတစ်လမ်း ဖြစ်ချင် ဖြစ်မယ်။ ဘယ်ကိုမှ မရောက်တဲ့ လမ်းတစ်လမ်းလည်း ဖြစ်ချင် ဖြစ်မယ်။ ဘယ်ကိုမှ မရောက်တဲ့ လမ်းတစ်လမ်းလည်း ဖြစ်နိုင်ရဲ့။ အဆုံး မရှိတဲ့ လမ်းမကြီးပါ။ အမည်မသိတဲ့ မြို့ကြီးတစ်မြို့ဆီကိုပေါ့။ ဒါပေမဲ့ ကျွန်တော်ဟာဖြင့် အမည်မရှိတဲ့ လူတစ်ယောက် မဟုတ်တော့ပါဘူး မခင်မိ။ အရူး ထွန်းသိန်းလေ။ အရူး ထွန်းသိန်း။ အရူး ထွန်းသိန်းဟာ မခင်မိနဲ့ ဝေးတဲ့၊ ပိုပြီးဝေးတဲ့ အဝေးဆုံးအရပ်ဆီ ထွက်ပြေးခဲ့ရပေါ့။ နှစ် ပေါင်း ၃၀ နီးပါး ကြာခဲ့ပြီ။

မော်တော်ကားစက် ပြန်ကောင်းသွားပါပြီ။ လူတွေ ကားပေါ် ပြန် တက်ကြပြီ။ မခင်မိနဲ့ ကျွန်တော်လည်း စကားလက်စ သတ်ရပြီ။ မော် တော်ကားပေါ် ပြန်တက်။ ကိုယ့်ခုံကိုယ် ပြန်ထိုင်။ သူ့ခုံက နောက်ပိုင်း၊ ကိုယ့်ခုံက ရှေ့ပိုင်းမို့ သူ့ကို အကဲမခတ်နိုင်ပါ။ ကျွန်တော့်အတွေးနှင့် ကျွန်တော် ငြိမ်သက်။ ကျွန်တော်တို့နှစ်ဦး ခေတ္တတွေ့ဆုံစဉ် မခင်မိ ပြော

mgyoe.com

mgyoe.com SAMPLE BOOK

စကားများအရ သိရသည်မှာ (အတိတ်က အကြောင်းတွေ ကျွန်တော်တို့ နှစ်ဦး လုံးဝ မပြောဆိုကြ) မခင်မိ ယောကျ်ား ကိုသိန်းမောင် နိုင်ငံခြားမှ ပြန်ရောက်ပြီး ၅ နှစ်ခန့်အကြာ (လွန်ခဲ့သည့် ၁၇ နှစ်ခန့်) က ကင်ဆာရောဂါဖြင့် သေဆုံးခဲ့သည်။ ရန်ကုန်မြို့သို့ လိုက်နေရာမှ ယောကျ်ား ဆုံးသည့်အခါ ဇာတိမြို့သို့ ပြန်ပြောင်းခဲ့။ သမီးလေး နှစ်ယောက် ကျန်။ တစ်ယောက် ဘွဲ့ရပြီး တစ်ယောက် ဆယ်တန်း။ မိခင်၏ စီးပွားရေးလုပ်ငန်းပါ အဆင်မပြေသဖြင့် ကျောင်းဆရာမ ဝင်လုပ်ခဲ့။ အခုလက်ရှိ မန္တလေးမြို့မှ ဇာတိမြို့ အထက်တန်းကျောင်းသို့ ပြန်လည် ပြောင်းရွှေ့နိုင်ရန် ကြိုးစားနေဆဲ။ ဇာတိမြို့တွင် မိခင်ကြီး၊ သမီးနှစ်ယောက်နှင့် အခွံချည်းသက်သက် တိုက်တစ်လုံး ကျန်ရှိ။

ဒါ မခင်မိ ပြောစကားထဲက မခင်မိရဲ့ ဘဝပါပဲ။ အစစ်အမှန်ဆိုတာ ကျွန်တော် ယုံပါတယ်လေ။ ကျွန်တော့်စကားအရ မခင်မိ သိသွားတဲ့ ကျွန်တော့်အကြောင်းကတော့ မရေမရာပါ။ အစစ်အမှန် မဟုတ်တာနဲ့ မရေရာတဲ့ အကြောင်းတွေသာပါ။ ခုချိန်ထိ မရေမရာ လေလွင့်နေဆဲ လူတစ်ယောက်အဖြစ် ကျွန်တော့်ဘဝကို မခင်မိ သိသွားရတယ် မဟုတ်လား။ ဒီလို မဟုတ်တော့ပါဘူး မခင်မိရယ်။ ကျွန်တော့်ဘဝ အစစ်အမှန်ကို တမင်တကာ ရည်ရွယ်ချက်နဲ့ ဖုံးကွယ်ခဲ့တာပါ။

မကြာခင်ကာလ အတောအတွင်းမှာပဲ ကျွန်တော့်ဘဝ အစစ်အမှန်ကို အသိပေးဖို့ ရည်ရွယ်ချက်နဲ့ ဖုံးကွယ်ခဲ့တာပါ။

အရှုံး ထွန်းသိန်း အဖြစ်နဲ့ပဲ ကျွန်တော် ဆက်ပြီး ရှင်သန်ခဲ့တယ် မခင်မိ။ မခင်မိ ပေးခဲ့တဲ့ ဒီဘွဲ့ကို ဆက်ပြီး ပေးကြသူတွေကတော့ စီးပွားရေး လောကထဲက လုပ်ဖော်ကိုင်ဖက်တွေပါပဲ။ စီးပွားရေးလောကထဲမှာ ရက်စက်တဲ့အခါ သိပ်ရက်စက်တတ်လွန်းလို့၊ နူးညံ့တဲ့အခါ သိပ်နူးညံ့လွန်းလို့၊ အရှုံးပေးတတ်လွန်းလို့၊ အနိုင်ယူတတ်လွန်းလို့၊ ဒေါသကြီးတတ်လွန်းလို့၊ ခွင့်လွှတ်တတ်လွန်းလို့၊ ပါးနပ် ကောက်ကျစ်တတ်လွန်းလို့၊ မိုက်မဲ ထုံအ,လွန်းလို့ စီးပွားရေးလောကထဲက လူတွေကလည်း ကျွန်တော့်ကို အရှုံးတဲ့။ အရှုံး ထွန်းသိန်းတဲ့။

ဒီလူတွေ အားလုံးက မကြာခင်အတွင်း ကျွန်တော့် ဆုံးဖြတ်ချက်

mgyoe.com

mgyoe.com SAMPLE BOOK

ကို သိရတဲ့အခါ သူတို့ပေးတဲ့ 'အရူး ထွန်းသိန်း'ဘွဲ့ဟာ လိုက်ဖက်လှပါတယ်လို့ တညီတညွတ်တည်း ပြောကြရုံသာမက အရူး ထွန်းသိန်း တစ်ယောက်တော့ သွက်သွက်ခါအောင်ကို ရူးသွားပြီဟေ့လို့ ပြောကြဦးမှာ အမှန်ပါပဲ။ မခင်မိ ကိုယ်တိုင်ကတော့ အဝေးပြေး ကားလမ်းမကြီးပေါ်မှာ ကြားခဲ့ရတဲ့ စကားတွေထက် သူမထံ မကြာခင် ရောက်လာမယ့် ကျွန်တော် ရေးလိုက်တဲ့ စာကို ဖတ်ရတဲ့အခါ အနေအထားမှန်ကို သိသွားမှာပါ။ အဲဒီစာကို ဖတ်ရတဲ့အခါ မခင်မိ အံ့အားသင့်ကောင်း သင့်သွားမယ်။ တွေဝေပြီး စိတ်ရှုပ်ကောင်း ရှုပ်သွားမယ်။

မခင်မိဆီ ကျွန်တော် ဟောသလို စာရေးလိုက်တယ်။

သို့ ...

မခင်မိ ...

ငှက်တွေ ဘယ်လို ခံစားရတယ်ဆိုတာ လူတွေ ထည့်မစဉ်းစားသလိုပါပဲ။ ကျွန်တော့် ခံစားချက်တွေကို မခင်မိ ထည့်မစဉ်းစားခဲ့တာ သဘာဝကျပါတယ်။ ထားပါတော့ မခင်မိရယ်။ အတိတ်အကြောင်းတွေဟာ ကျွန်တော်တို့ နှစ်ဦးအတွက် ပျော်ရွှင်ချမ်းမြေ့မှုကို ပေးနိုင်မှာ မဟုတ်တာ အမှန်ပါ။

ဒီစာနဲ့ ပူးတွဲပါလာတဲ့ စာရွက်စာတမ်းတွေကို မခင်မိ လက်မှတ်ထိုးပေးပါ။ ကျွန်တော့်ရှေ့နေတွေက အတိအကျ ဆောင်ရွက်ပါလိမ့်မယ်။ ကျွန်တော် ပိုင်ဆိုင်တဲ့ လုပ်ငန်းတွေရဲ့ စာရင်းဇယားကို ဒီစာထဲ ထည့်ရေးမနေတော့ပါဘူး။ ပူးတွဲပါ စာရွက်စာတမ်းတွေကို ဖတ်ကြည့်ရင် သိနိုင်ပါလိမ့်မယ်။ ငွေသား သိန်းငါးရာနဲ့အတူ အထွေထွေ လုပ်ငန်းတွေရဲ့ တန်ဖိုးဟာ သိန်းတစ်ထောင်ကျော် တန်ဖိုးရှိပါတယ်။ လုပ်ငန်းအရပ်ရပ်ကို စီမံခန့်ခွဲဖို့အတွက် မခင်မိ ဘာမှ ဦးနှောက်ခြောက်စရာ မလိုပါဘူး။ လွယ်လွယ်လေးပါ။

ကျွန်တော့်နေရာမှာ စီမံဆောင်ရွက်ဖို့အတွက် ကျွန်တော့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေလည်းဖြစ်၊ လက်ထောက်လည်းဖြစ်တဲ့ ဦးစန်းကြိုင်ကို ရာထူးတိုးမြှင့် ခန့်ထားပေးခဲ့ပါပြီ။ သူ့နေရာကိုလည်း အခြား အရည်အချင်းပြည့်မီသူ တစ်ယောက်ကို စနစ်တကျ ခန့်ထားပြီးပါပြီ။ ကျွန်တော့် ရှေ့

mgyoe.com

mgyoe.com SAMPLE BOOK

နေတွေကလည်း စနစ်တကျ အမှားအယွင်းမရှိအောင် ဆောင်ရွက်သွားကြမှာပါ။

ဒီပစ္စည်းတွေကို စိတ်သန့်သန့်နဲ့ လက်ခံယူပါ မခင်မိ။ (လက်မခံလို့ မရအောင်လည်း ကျွန်တော် စီမံပြီးပါပြီ) မခင်မိအတွက် လက်ဆောင် သက်သက်ပါ။

အရှူး ထွန်းသိန်း တစ်ယောက်တော့ အဆုံးမရှိတဲ့ လမ်းမကြီးတွေပေါ်မှာ အမည်မသိတဲ့ မြို့တွေဆီ ထွက်ခွာသွားပြန်ပါပြီ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ဘဲသုံးကောင်

'ဘဲကလေးတွေ အိမ်ပြန်ရောက်လာတယ်လို့ ညက ကျွန်တော် အိပ်မက် မက်တယ် ဖေဖေ။ တကယ်မှတ်ပြီး မနက်လင်းတော့ အိမ်အောက်မှာ ကျွန်တော် လိုက်ရှာမိသေးတယ်။ ဒါပေမဲ့ တကယ်မဟုတ်ပါဘူး ဖေဖေ'

သားတော်မောင်ရဲ့ စကားကြောင့် ကျွန်တော့်ရင်မှာ တုန်ခါသွားသည်။ ပြီးတော့ ဝမ်းနည်းကြေကွဲစွာ ဒေါသဖြစ်မိရပြန်သည်။

အိမ်ပြန်ရောက်ဖို့ နေနေသာသာ အခုချိန်ဆိုလျှင် သူတို့တစ်တွေ အသက်နှင့် ကိုယ်ခန္ဓာ အိုးစားကွဲနေရှာပြီဖြစ်ကြောင်း သားတော်မောင် မသိရှာလေ။

* * *

ပြီးခဲ့တဲ့ နွေရာသီ စာမေးပွဲတွေ ဖြေပြီးစ ကျောင်းပိတ်ရက်က သားတော်မောင်သည် သူ့ကျောင်းစာအုပ်များကို ရောင်းပြီး ဘဲပေါက်စလေးတွေ ဝယ်လာသည်။ အားလုံး ၅ ကောင်။ ၇၅ ကျပ်ဖိုး။ သို့ရာတွင် သူ ဝယ်လာသည့် ဘဲကလေးများမှာ ခတ်ဖောက်ဘဲများ ဖြစ်သောကြောင့် သေလွယ်ပျောက်လွယ်သော အကောင်ကလေးများ ဖြစ်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကံအားလျော်စွာ ၂ ကောင်မျှသာ သေသွားပြီး ၃ ကောင် အဖတ်တင် ကျန်ရစ်ခဲ့သည်။

ထို ကျန်ရစ်သည့် ဘဲကလေး ၃ ကောင်မှာ တစ်စတစ်စ ကြီးပြင်း လာသည်။

သူတို့အား ထူးထူးထွေထွေ ရှာဖွေ မကျွေးမိပါ။ အမှတ်ရသည့် အချိန်တွင် ထမင်းကျန်၊ ဟင်းကျန်နှင့် ဆန်ကွဲစေ့များလောက်ကိုသာ ရေနှင့် ဖျော်တန်လျှင် ဖျော်၍ ကျွေးမွေးပါသည်။ များသောအားဖြင့်ကား သူတို့ဘာသာသူတို့ ရေထဲ နှုတ်သီးနှင့် တစွတ်စွတ်ထိုးပြီ ရှာဖွေ စား သောက်ကြသည်။ သူတို့ကား လျင်မြန်စွာပင် တစ်နေ့တခြား ကြီးထွား လာလေသည်။

အထူးဂရုစိုက်၍ မကျွေးမွေးရသော်လည်း ညရေးညတာနှင့် အခြား အန္တရာယ်များအတွက်ကား အတန်အသင့် ဂရုစိုက်ရပါသည်။ ကြောင် နှင့် ခွေးတို့၏ ရန်ကို စိုးရိမ်ရသောကြောင့် ဖြစ်ပေသည်။ ကိုယ့်အိမ်တွင် မွေးထားသည့် ခွေးနှင့် ကြောင်များ မရှိသော်လည်း ခွေးလေခွေးလွင့်များ က မပြတ် ရောက်လာတတ်သည်။ နောက်ဖေးတွင် စွန့်ပစ်ထားသည့် ထမင်းကျန်၊ ဟင်းကျန်များကို လာရောက် စားသောက်ကြခြင်း ဖြစ် သည်။ အိမ်နီးနားချင်းတို့၏ ကြောင်များကလည်း အိမ်ပေါ်သို့ မကြာ မကြာ ရောက်လာတတ်သည်။ တောင်းကြီးကြီး တစ်လုံးနှင့် အုပ်တန် လျှင် အုပ်ထားရသည်။ တစ်ခါတစ်ရံတွင် အိပ်ရာပေါ်သို့ပင် တင်၍ သိပ် ရသည်။

အိမ်အောက်တွင်ပင် ဘာသိဘာသာ ပစ်ထားသော ညများလည်း ရှိသည်။ ထိုညမျိုးတွင်ကား ခွေးတစ်ကောင်တလေ၏ ရန်မှ လွတ်အောင် တဖျန်းဖျန်း အတောင်ပံခတ် ပြေးလွှားနေသံ ကြားမှ ကျွန်တော်တို့ နိုး လာပြီး ထခြောက်ရတတ်သည်။ ထိုသို့ပင် ရှိသော်လည်း သူတို့မှာ ကံ အားလျော်စွာ လွတ်မြောက်ကျန်ခဲ့ကြသည်သာ ဖြစ်ပါ၏။

၃ လကျော်ကျော်ကာလ ရောက်သည့်အခါတွင်ကား သူတို့ ၃ ကောင်သည် ကျွန်တော်တို့နှင့် နီးနီးနားနား အိမ်အောက်နှင့် အိမ်ပတ် ဝန်းကျင်တွင် မနေတော့ဘဲ မြောက်ဘက် ရေကန်ကြီးရှိရာသို့ ရွှေ့ပြောင်း

mgyoe.com

mgyoe.com SAMPLE BOOK

သွားကြလေတော့သည်။

* * *

ဤနေရာတွင် ဘဲကလေးတွေအကြောင်း ခဏရပ်နားပြီး ကျွန်တော့် အိမ်၏ အနေအထားကို ကြားဖြတ် ပြောရပေတော့မည်။

ကျွန်တော့်အိမ်မှာ မန္တလေးမြို့ကြီးပေါ်တွင် ဖြစ်သော်လည်း အနေအထားမှာ တိတ်ဆိတ်ငြိမ်သက်၍ တောထဲတောင်ထဲ ရောက်နေရသည်နှင့် တစ်ခါတစ်ခါ တူလှပါသည်။ သွားရေးလာရေး ခက်ခဲသည်ကို ဆိုလိုခြင်း မဟုတ်ပါ။ မန္တလေးမြို့ကြီးပေါ်မှာပင် ရှိသည့် ရပ်ကွက်တစ်ခုအဖို့ သွားရေးလာရေး မခက်ခဲပါ။ ရပ်ကွက်ကြီးတစ်ခုအတွင်းမှ သီးသန့်ဝင်း တစ်ဝင်း၏ အနေအထားကို ပြောလိုခြင်းမျှသာ ဖြစ်ပါသည်။

ကျွန်တော်တို့ နေထိုင်ကြသည့် သီးသန့်ဝင်းကြီးထဲတွင် အိမ်ခြေ ၆၀ ကျော်၊ ၇၀ ခန့် ရှိပါသည်။ ဝင်းထဲသို့ ဝင်ရန် လမ်းမကျယ်တစ်ခုသာ ရှိပါသည်။ စက်ဘီး၊ ဆိုင်ကယ်များမှအပ မော်တော်ကားများအဖို့ တစ်ခုတည်းသော ဝင်ပေါက်လမ်းလည်း ဖြစ်ပေသည်။

ကျွန်တော့်အိမ်မှာ ထိုဝင်းကြီး၏ ချောင်အကျဆုံးနေရာ ဖြစ်သည့် အင်္ဂါထောင့်တွင် ရှိသည်။ တောင်ဘက်နှင့် အရှေ့ဘက်တွင် ဘုန်းကြီးကျောင်းနှင့် ပုဂ္ဂလိကတိုက်ကြီးများ၏ အုတ်တံတိုင်းကြီးများသာ ရှိပါသည်။ ကျွန်တော်တို့ မိသားစုအဖို့ အပြင်သို့ထွက်ရန် ထွက်ပေါက် မရှိ။ အခြားအိမ်များရှေ့မှ ဖြတ်၍ လမ်းမကြီး၏ တစ်ခုတည်းသော ဝင်ပေါက်ရှိရာသို့ ထွက်ရသည်။ အခြားအိမ်များနှင့် အတန်အသင့် အလှမ်းဝေးပြီး တိတ်ဆိတ်ငြိမ်သက်ပါသည်။

မြို့ကြီးတစ်မြို့ပေါ်မှာပင် ဖြစ်သော်လည်း ကျွန်တော့်အိမ်သို့ အလည်အပတ် ရောက်လာတတ်ကြသည့် မိတ်ဆွေများက တောထဲမှာ ရောက်နေရသလို တိတ်ဆိတ်မှုကို ခံစားရပါသည်ဟု ပြောတတ်ကြပေသည်။ သစ်ပင်များ အုံ့ဆိုင်းပြီး ကျေးငှက်သာရကာမျိုးစုံ ရှိသည်။ အိမ်နောက်ဘက် အုတ်တံတိုင်းပေါ်က ဖန်ကွဲ မှန်စများပေါ်တွင် ရှဉ့်ကလေးတွေ လမ်းလျှောက်နေသည်ကို အမြဲပင် တွေ့မြင်နိုင်ပေသည်။

အိမ်မြောက်ဘက် မလှမ်းမကမ်းတွင် ရေကန်တစ်ကန် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုရေကန်ကြီးမှာ ရှေးယခင် ဟိန္ဒူဘာသာဝင် ခဝါသည်တို့ အဝတ်လျှော်ကြသည့် ဒိုဘီကန် ဖြစ်သည်ဟု အချို့က ပြောကြသည်။ အချို့က လည်း ဟိန္ဒူဘုရားပွဲ လှည့်လည်မည့်နေ့တွင် ယခုထိတိုင် ရှိနေသည့် ကျွန်တော့် အိမ်ဘေးမှ ညောင်ပင်ကြီးကို ဦးတိုက်ပြီး ထိုရေကန်၌ ရေချိုးခြင်း၊ နန္ဒွင်း စသည် လိမ်းခြယ်ခြင်းတို့ ပြုလုပ်ကြသည်ဟု ဆိုသည်။

ယခုအခါတွင်ကား ရေကန်ရှိမှန်းပင် အမှတ်တမဲ့ မသိနိုင်တော့ပေ။ ကန်စွန်းပင်များ၊ မြက်ရိုင်းပင်များဖြင့် ဖုံးအုပ်လျက် တောကြီး မျက်မည်း ဖြစ်နေလေပြီ။ ဤသို့ တိတ်ဆိတ် ငြိမ်သက်ခြင်းအတွက် ကျွန်တော့် နေရာ ဤဂေဟာကို သဘောကျပါသည်။ ကံကောင်းလှသည်ဟုလည်း ဆိုချင်ပါ၏။ သို့သော် ကျွန်တော် ကံမကောင်းပါ။ အကြောင်းမှာ ကျောင်းကြီး၏ အပြင်သို့ ထွက်ရန် တစ်ခုတည်းသောလမ်းကို ဖြတ်ရာ၌ ကျွန်တော့်အိမ်နှင့် အနီးဆုံး၊ ပထမဆုံး ဖြတ်သန်းရသည့်အိမ်မှာ ဤဝင်းကြီး အတွင်းတွင် တရားမျှတမှု အကင်းမဲ့ဆုံးပုဂ္ဂိုလ်ကြီး ဖြစ်နေသောကြောင့် ပင်။

* * *

ဘဲကလေးတွေအကြောင်း ကျွန်တော် ဆက်ပါတော့မည်။

ဘဲကလေး ၃ ကောင်မှာ ၃ လကျော်၊ ၄ လ ကာလနီးပါး ရောက်သောအခါ အကောင်များ ထွားကျိုင်းလာသည်။ အိမ်အောက်မှာ မနေတော့ဘဲ မြောက်ဘက် ရေကန်ကြီးဆီသို့ အပြီးအပိုင် ထွက်သွားကြလေသည်။ ထိုအချိန်တွင် ကျွန်တော်တို့ တစ်အိမ်သားလုံးမှာ သူတို့အပေါ် များစွာ သံယောဇဉ် တွယ်နေလေပြီ။ မနက်လင်းလျှင် 'လာ ... လာ ... လာ ...' ခေါ်၍ ထမင်းကျန်၊ ဟင်းကျန်များကို ကျွေးသည့်အလုပ်မှာ နေ့စဉ်ဝတ္တရားတစ်ခု ဖြစ်နေလေပြီ။

အိမ်သူအိမ်သားများ အပြင်ထွက်လျှင် သုတ်သုတ် သုတ်သုတ်နှင့် ပြေးလိုက်လာတတ်သောကြောင့် ပြန်လည် မောင်းနှင်ရလေသည်။ ကလေးတွေနှင့် ပြေးတမ်းလိုက်တမ်း ကစားစရာ အဖော်များလို ဖြစ်နေသည်။ ကိုယ်တိုင် ဝယ်လာသည့် သားတော်မောင်အဖို့ကား အရိပ်တကြည့်ကြည့်ဖြင့် သူ၏မိတ်ဆွေများလိုပင် ဖြစ်နေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအချိန်မျိုး၌ သူတို့ ပျောက်သွားသောအခါ တစ်အိမ်သားလုံး ဝိုင်းဝန်း ရှာဖွေကြမိတော့သည်။ သုံးလေးရက် ရှာမှ မြောက်ဘက် ရေကန်ကြီးထဲတွင် တွေ့ရသည်။ ထိုသို့ ရှာရသည်မှာ ရေကန်ကြီးနှင့် ကျွန်တော့်အိမ် အလှမ်းဝေးလှ၍ မဟုတ်။ ရေကန်ကြီးတစ်ခုလုံးလိုလိုပေါ်တွင် မြက်များ၊ ဗေဒါပင်များ၊ ကန်စွန်းပင်များဖြင့် ဖုံးအုပ်၍နေသောကြောင့် ဖြစ်သည်။ သူတို့တစ်တွေမှာ ဗေဒါပင်တွေ ကြားတွင် ပုန်းနေကြခြင်း ဖြစ်၏။ ရေထဲတွင် ဆင်းပြီး ခေါ်ယူရန် မဖြစ်နိုင်ပါ။ ရေစပ်သို့ပင် ဆင်း၍ မရပါ။ ခပ်လှမ်းလှမ်းမှပင် တတီတီ အော်ခေါ်နေရသည်။ ခဲဖြင့် ခြောက်လှန့်ပစ်ခတ်၍ အတက်ခိုင်းသော်လည်း တုတ်တုတ်မျှ မလှုပ်။ ပေကတ်ကတ် လုပ်နေကြသည်။ မည်သို့မျှ ခေါ်ယူမရနိုင်သဖြင့် သည်အတိုင်း ပစ်ထားလိုက်ရသည်။ သူတို့ စိတ်ချမ်းသာသလို နေပါစေ တော့ဟု အောက်မေ့လိုက်ရသည်။

တစ်နေ့တစ်နေ့ သူတို့ရှိရာ ခပ်လှမ်းလှမ်းသို့ သွားပြီး အသံပေးလိုက်၊ သူတို့ ရှိနေမည့်နေရာသို့ ခဲဖြင့် ပစ်လိုက်ဖြင့် အသံပေးရသည်။ ထိုအခါမျိုးတွင် သူတို့ ရှိမည့်နေရာမှ ငုံ့ထားသည့် ခေါင်းများကို ဖော်ပြီး ကိုယ်ယောင်ပြလေသည်။

ဤသို့နှင့်ပင် ၂ လကျော်၊ ၃ လမျှ ကာလအတွင်း ရေကန်ထဲမှာပင် အိပ်ပြီး ရေကန်ထဲမှာပင် နေကြသည်။

တော်သလင်း၊ သီတင်းကျွတ် ကာလတွင်ကား အဆက်မပြတ် မိုးများ ပြင်းထန်စွာ ရွာချလေတော့သည်။ ကျွန်တော်တို့ ဝင်းထဲတွင် လေးငါးခြောက်နှစ်ကျော်မျှ မဝပ်တာ ကြာပြီဖြစ်သော ရေများ ပြည့်လျှံသွားသည်။ အနိမ့်ဆုံးအပိုင်းလို ဖြစ်နေသော ကျွန်တော့်အိမ်အောက်နှင့် အိမ်ဘေး ပတ်ဝန်းကျင် တစ်ဝင်းလုံးမှာရှိသည့် ရေများ စီးဝင်လာလေသည်။ မြောက်ဘက် ရေကန်ကြီးနှင့် ကျွန်တော်တို့ အိမ်အောက်မှာ ရေတွေ တစ်ဆက်တည်းလို ဖြစ်သွားသည်။ ကျွန်တော်တို့လည်း အိမ်မှာရှိသည့် သစ်သားတို၊ သစ်သားစများဖြင့် ကုန်းပေါင်ထိုး၊ တံတားခင်းခြင်း ပြုလုပ်ရတော့သည်။ မနက်ခင်းက ရေလွတ်ရုံမျှ ခင်းထားသော တံတားမှာ ည၌ မိုးကြီး ဆက်တိုက်ရွာချလိုက်ပြန်သောအခါ သစ်သားတို၊ သစ်

mgyoe.com

mgyoe.com SAMPLE BOOK

သားစများ ရေထဲ၌ ဟိုသည် လွင့်မျောကုန်ကြတော့သည်။

'ဖေဖေရေ ... ဘဲကလေးတွေ ပြန်လာပြီဗျ'

နံနက်လင်းခါစ ကျွန်တော် အိပ်ရာထဲ မှိန်းနေစဉ် သားတော်မောင် အော်လိုက်သောအသံ ဖြစ်သည်။ တစ်အိမ်သားလုံးပင် ဝမ်းသာ ရွှင်မြူး စွာ အောက်သို့ ပြေးဆင်းကြည့်ကြသည်။ ကလေးတွေ တတီတီ ခေါ်၍ အစာကျွေးကြ၏။ အခုတော့ သူတို့ကလည်း တရင်းတနှီး။

တဖြည်းဖြည်း ရေများ ခန်းခြောက်သွားသည့်တိုင် အိမ်ရှေ့ တချို့ တစ်ဝက်နှင့် အိမ်အောက်တွင်ကား ရေများ ကျန်ရှိနေပေသေးသည်။ ဆောင်းကာလ ရောက်သည့်တိုင် ခန်းခြောက်မည့်ပုံ မပေါ်။ ဘဲကလေး ၃ ကောင်မှာလည်း ရေကန်ကြီးဆီ ပြန်မသွားတော့။ အိမ်အောက်တွင် ပင် တစွတ်စွတ် ပြေးဆော့ကြသည်။

ထိုသို့ ပြေးဆော့နေရာမှ အိမ်သူအိမ်သားများ အပြင်သို့ ထွက် လျှင် သို့မဟုတ် အပြင်မှ ပြန်လာလျှင် သို့မဟုတ် အိမ်သို့ ဧည့်သည် လာလျှင် သူတို့တစ်တွေမှာ လူရှိရာသို့ အတင်းပြေးလာပြီး နှုတ်သီးဖြင့် လိုက်၍ ထိုးဆိတ်တတ်လေသည်။ အငယ်ဆုံးသမီးမှာ ကျောင်းသွားခါနီး တိုင်း ဘဲကလေးတွေက လိုက်လိုက်စသဖြင့် သူ့ကို အိမ်ပေါက်ဝအထိ လိုက်ပို့ရသည်။ သမီးကြီးနှင့်အတူ ကျောင်းသွားဖော် ကိုးတန်းကျောင်းသူ ကလေးများမှာ အိမ်သို့ အလည်လာတိုင်း ခြံဝမှနေ၍ 'ဘဲကြည့်ပါဦးဗျို့' အော်ရလေသည်။

ကောင်းကောင်း အရွယ်ရောက်လာကြပြီဖြစ်၍ သူတို့ကို အကဲ ခတ်နိုင်လေပြီ။ သူတို့ ၃ ကောင်စလုံးမှာ ဘဲထီးများဖြစ်၍ ဘဲမ မပါ။ ဥစားရအောင် ဘဲမတစ်ကောင်လောက် ဝယ်ထားဖို့ စိတ်ကူးကြသည်။

'ဟာ ... ဘဲမတစ်ကောင်တည်း ဘယ်ဖြစ်မလဲဗျ။ သေသွားမှာပေ့ါ။ ဘဲထီး ၃ ကောင်ဆိုရင် အနည်းဆုံး ဘဲမ ၅ ကောင်လောက်တော့ နိုင် တယ်။ ဟား ... ဟား ...'

မိတ်ဆွေ တစ်ယောက်က အကြံပေးလေသည်။ သို့ရာတွင် မဝယ် ဖြစ်ခဲ့။ ဘဲမ တစ်ကောင်လောက် ထပ်ဝယ်ဖို့ သားတော်မောင်၏ စာအုပ် များကို ရောင်းနိုင်ရန် နောက်ထပ် ကျောင်းပိတ်ရက်များအထိ စောင့်ရ

mgyoe.com

mgyoe.com SAMPLE BOOK

လေမည်လား မသိ။

လူ့နောက်က တကောက်ကောက် ပြေးလိုက်နေသောကြောင့် အစာတောင်းသည် မှတ်ပြီး အစာကျွေးသောအခါတွင်လည်း ဟုတ်တိပတ်တိ စားချင်မှ စားသည်။ အစာခွက်ကို လာရောက် ပြေးထိုးပြီး ပြန်လှည့်သွားချင် သွားတတ်သည်။

'အစာကျွေးတော့လည်း မစားဘူးဗျ။ ဘာဖြစ်လို့မှန်းလဲ မသိဘူး ဖေဖေ'

သားတော်မောင်က သူ့ဘဲကလေးများကို ကြည့်ပြီး နားမလည်နိုင်ဘဲ မေးသည်။

'ဟာ ... မင့်ကောင်တွေ အဖော်ကြောင်နေတာ ဖြစ်မှာပါကွာ'

ကျွန်တော်က သားတော်မောင်နှင့် သူ့ဘဲများကို ကြည့်ပြီး ရယ်မောပြောဆိုလိုက်သည်။

'ဘာကြောင်နေတာလဲ ဖေဖေ'

'ဟာ ... ဘဲမ လိုချင်နေတာကို ပြောတာပါကွာ'

သူတို့ ၃ ကောင်မှာ တစ်ကောင် သွားရာနောက်ကို နှစ်ကောင်က လိုက်သည်။ ရှေ့သို့ စိုက်စိုက် စိုက်စိုက်ဖြင့် သွားနေရာမှ တစ်ကောင်က နောက်သို့ ပြန်လှည့်လိုက်လျှင် ကျန်နှစ်ကောင်မှာ ဝိဝါဒ ကွဲပြားမနေဘဲ နောက်သို့ ချက်ချင်း ပြန်လှည့်သည်။ ညညများတွင်လည်း အိပ်သည်ဟူ၍ မရှိလှဘဲ ရေထဲသို့ တစွတ်စွတ် ပြေးလွှားနေတတ်သည်။ တစ်ခါတစ်ရံတွင် လူတစ်ယောက် ရေထဲသို့ ဖြတ်လျှောက်နေသလား ထင်မှတ်မိတတ်သည်။ တစ်ခါတစ်ခါတွင်လည်း ယိမ်းတိုက်နေသလား အောက်မေ့ရလေအောင် လည်ပင်းကို အထက်သို့ ပင့်မြှောက်လိုက်၊ အောက်သို့ ပြန်ချလိုက်ဖြင့် အချိန်ကြာမြင့်စွာ ပြုလုပ်နေတတ်သည်။

သူတို့ကို ကျွန်တော် မေ့မရအောင် မှတ်မိနေသည်မှာကား သည်းထန်စွာ မဟုတ်ဘဲ မိုးဖွဲဖွဲသာ ရွာချနေတတ်သော ညများစွာက ပုံရိပ်များပင် ဖြစ်ပါသည်။ ထိုညများတွင် ကျွန်တော်သည် အခါများစွာတွင်ပင် အိပ်မပျော်တတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း ပြတင်းပေါက်မှ တဖွဲဖွဲ ရွာချနေသော မိုးပေါက်များနှင့် တလင်းပြင်ကိုသာ ငေးမောနေမိ

mgyoe.com

mgyoe.com SAMPLE BOOK

တတ်သည်။ ထိုညများတွင် သူတို့ ၃ ကောင်မှာလည်း မိုးပေါက်လွတ်ရာ အိမ်အောက်တွင်လည်း ခိုကပ်၍မနေ။ သစ်ပင်ရိပ်အောက် တစ်နေရာရာမှာလည်း မနေကြ။

မှုန်ဝါးဝါး တလင်းပြင်ထဲ မိုးရေစက်များအောက်တွင် ခြေထောက်တစ်ဖက်ကို မြှောက်လျက် တစ်ချောင်းတည်းသော ခြေထောက်ကိုယ်စီဖြင့် ရပ်နေကြပုံမှာ ဆွေးမြည့်စရာ တစ်ခုခုကို သူတို့ သတိရနေရှာသလားအောက်မေ့ရတော့သည်။

သူတို့မှာ အတွေးကိုယ်စီ ရှိနေလေသည့် ပုံသဏ္ဌာန်ဖြင့် နှုတ်သီးရှည်ရှည်နှင့် ဦးခေါင်းတစ်ခုလုံးကို အတောင်ပံထဲ လည်ပြန်မြှုပ်သည့် အကောင်က မြှုပ်ထားသည်။ ရှည်လျားသည့် လည်ချောင်းတစ်ခုလုံးကို စလုတ်ထဲထိ မြုပ်အောင် မြှုပ်လျက် နှုတ်သီးကိုသာ မိုးပေါ်မော့ပြီး အတွေးနယ်ချဲ့သည့် အကောင်က ချဲ့နေကြပုံများမှာ ကြေကွဲစရာ နှလုံးသား တစ်ခုခုကိုများ ပိုင်ဆိုင်ထားကြလေရှာသလား ထင်မိရတော့သည်။

မိုးစက်မိုးပေါက်များ အောက်တွင် မလှုပ်မယှက်နှင့် သူတို့ ကြံ့ကြံ့ခံနေကြပုံမှာ ဇာတိမာန် တက်ကြွစရာ လုံးဝ မကောင်းလှဘဲ ကြေကွဲဆွေးမြည့်စရာ ပုံပြင်တစ်ပုဒ်ကို ဖတ်ရှုနေရသလိုသာ ဖြစ်တော့သည်။

သူတို့သည် ဘာကိုများ တွေးပြီး ငေးမောနေပါလိမ့်။ သူတို့၏ အနာဂတ်ကို သူတို့ တွေးခေါ်နေလေသလား။ ကံဆိုးခြင်းတွေသာ သူတို့အပေါ် လိုက်လိုက်ရွာချတတ်သည့် ဟောဒီ အချိန်တွေ မြန်မြန် ကုန်ဆုံးသွားပါစေတော့လို့များ ဆုတောင်းနေလေသလား။ ဘာဖြစ်လို့ ဘဲတစ်ကောင် ဖြစ်လာရပါလိမ့်လို့များ တွေးတောနေလေသလား။ သူတို့မှာ ဇနီးမယား မရှိ။ သားသမီးတွေလည်း မရှိ။ ဖေးဆပ်စရာ အကြွေးတွေလည်း မရှိ။ သူတို့ နောက်ကျောမှာ သူတို့မိတ်ဆွေတွေရဲ့ ဓားဒဏ်ရာလည်း မရှိကြောင်း ကျွန်တော် သိပါ၏။

သို့ပါလျက် အဆွေးရိပ်သမ်းတဲ့ သည်လို ပုံသဏ္ဌာန်မျိုးနဲ့ ဘယ့်အတွက်ကြောင့် တည်ရှိနေရပါလိမ့်။ လူတွေ ဖန်တီးထားတဲ့ တေးဂီတဆိုတဲ့ အသံတွေကိုပဲ ငြီးငွေ့နေခြင်းလား။ သူတို့အပေါ် လူတွေ ထားတဲ့ တန်ဖိုးသတ်မှတ်ချက်ကို သိပြီးတော့များ စိတ်နာနေခြင်းလား။ မျိုးဆက်